ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**[ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၆၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစောယှားဖောင်အွှာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ၁၈-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု Forum တက်ရောက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သားဖြစ်သူ မင်္ဂလာဆောင်ကိစ္စနှင့် ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး၊ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ (၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊

ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးရှိ စလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀)ဆံ့ အဆင့်မှ ခုတင်(၁၀၀)ဆံ့ အဆင့် ဆေးရုံကြီးအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ အကျိုးအကြောင်းဖော်ပြချက်ကတော့ စလင်းမြို့နယ်ဟာ မကွေးတိုင်း ဒေသကြီးမှာ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စု အများဆုံးမြို့နယ်ဖြစ်သလို လယ်ယာစိုက်ပျိုး ထုတ်လုပ်မှု အများဆုံးဖြစ်ပြီး လုံခြုံရေးအရလည်း ခြေလျင်တပ်ရင်း(၃)ရင်း အခြေစိုက်တဲ့ မြို့နယ်တစ်မြို့နယ် ဖြစ် ပါတယ်။ စလင်းဆေးရုံဟာ မင်းဘူးခရိုင်ဆေးရုံကြီးနှင့် (၃၉)မိုင်၊ မကွေးတိုင်းဆေးရုံကြီးနှင့် (၄၄)မိုင် ကွာဝေးပါတယ်ခင်ဗျား။ လူဦးရေအားဖြင့် (၂၅၆၀၉၂)ဦးရှိပြီး၊ အကျယ်အဝန်းအားဖြင့် (၈၉၃.၁၄) စတုရန်းမိုင်ရှိပြီး ယခုလက်ရှိ ဆေးရုံသစ်ကြီးဆောက်လုပ်ပြီး မြေနေရာအပြင် အခြားတိုးချဲ့ ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် မြေလွတ်ကလည်း (၃)ဧကကျော်ရှိကြောင်း စစ်ဆေးတွေ့ရှိ ရပါတယ်ခင်ဗျား။

စလင်းမြို့နယ် ပြည်သူ့ဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ၁၅-၈-၂၀၁၇ နေ့မှာ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အနေနဲ့လည်း ၂၆-၈-၂၀၁၇ နေ့မှာ စလင်းမြို့နယ် ပြည်သူ့ဆေးရုံသစ်ကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရဲ့ ညွှန်ကြားချက်နှင့် ဒေသခံပြည်သူတွေရဲ့ဆန္ဒအရ စလင်းမြို့နယ်တွင် ခုတင်(၁၀၀)ဆံ့ဆေးရုံ အမှန်လိုအပ်နေကြောင်း စိစစ်ရရှိခဲ့ပါတယ်ခင်ဗျား။ စလင်းမြို့နယ် ပြည်သူ့ ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်းများက ရှိတဲ့အင်အားနှင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက် ပေးနေမှုနှင့် ပြည်သူများ၏ဆန္ဒကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးကိုယ်တိုင် သိရှိပြီးဖြစ်တဲ့အတွက် စလင်းမြို့နယ်ပြည်သူ့ဆေးရုံသစ်ကြီးမှ ဝန်ထမ်းများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို အသေးစိတ် မတင်ပြတော့ပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေး တိုင်းဒေသကြီး စလင်းမြို့ ပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာ ကျန်းမာရေးဌာနရဲ့ အစီရင်ခံစာ ပူးတွဲပေးပို့လျက် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် အကြောင်းအရာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် တိုက်နယ်ကျန်းမာရေးဌာန(၃)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၀)နှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ(၁)ခုတို့ဖြင့် မြို့နယ်အတွင်းရှိ လူဦးရေစုစုပေါင်း(၁)သိန်းခွဲကျော်ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသ၊ ဝေးလံခက်ခဲသောဒေသနှင့် စီးပွားရေးနိမ့်ကျနေသောဒေသများ ပြည်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန် အရည်အသွေးပြည့်ဝပြီး လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အန္တိမရည်မှန်းချက်များချမှတ်ကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အတွက်လည်း ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ချောင်းဆုံမြို့နယ်မှာ ဆောက်လုပ်ပြီး တိုက်နယ်ကျန်းမာရေးဌာန(၃)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၄)ခုတို့နှင့် ဆောက်လုပ်ဆဲ ကျေးလက်ကျန်းမာရေးဌာန(၃)ခုလည်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအချိန်အခါတွင် ကဏ္ဍပေါင်းစုံ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကျန်းမာရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပိုမိုလိုအပ်နေပြီ ဖြစ်ပါတယ်။ ယခုအချိန်အခါတွင် ပြည်သူများအား စေတနာရှေ့ထား၍ ကျန်းမာရေးစောင့်ရှောက်မှု

ဆောင်ရွက်ပေးလျက်ရှိသော ပြည်သူ့ကျန်းမာရေးဌာနဝန်ထမ်းများ၏ အခက်အခဲများကို ကူညီဖြေရှင်း ပေးနိုင်မှသာလျှင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ပိုမိုဆောင်ရွက်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ အဆိုပါမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမြောက်မြားစွာ ရှိသည့်အနက် သက္ကောကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ ကညော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ ကမာမို ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ကလော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် မြေနေရာများ အလုံအလောက်ရှိနေပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ သက္ကောကျေးရွာ ကျေးလက်ကျန်းမာရေး ဦးစီးဌာန၊ ကညော်ကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာန၊ ကမာမိုကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီး ဌာနခွဲများနှင့် ကလော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာ များကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းအား လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သထုံမြို့၊ ကတိုက်ကြီး ကျေးလက်ကျန်းမာရေးဌာနပိုင် မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးရန်နှင့် သထုံမြို့တွင် သထုံဒေသန္တရကျန်းမာရေးဌာန၊ သုဝဏ္ဏဝတီမြို့သစ်တွင် ဒေသန္တရ ကျန်းမာရေးဌာနများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း က သထုံမြို့၊ ကတိုက်ကြီးကျေးလက်ကျန်းမာရေးဌာနပိုင် မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက် ပေးရန်နှင့် သထုံမြို့တွင် သထုံဒေသန္တရကျန်းမာရေးဌာန၊ သုဝဏ္ဏဝတီမြို့သစ်တွင် ဒေသန္တရကျန်းမာရေး ဌာနများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ သထုံမြို့၊ ကတိုက်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနပိုင် မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးနိုင်ပါရန်နှင့် သထုံမြို့တွင် သထုံ ဒေသန္တရ ကျန်းမာရေးဌာန၊ သုဝဏ္ဏဝတီမြို့သစ်တွင် ဒေသန္တရကျန်းမာရေးဌာနများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ သိရှိလိုသော မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့သည် ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ပြီး ကရင်ပြည်နယ်နှင့် ဆက်သွယ်ရာ မော်လမြိုင်-ဘားအံ လမ်းဆုံမြို့တစ်မြို့ ဖြစ်ပါတယ်။ သထုံမြို့တွင် ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး(၁)ရုံ၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေး

ဌာန(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၂၈)ခု၊ တိုင်းရင်းဆေးရုံ(၁)ရုံတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ လူဦးရေအားဖြင့်(၂၄၀၀၀၀)ခန့်ရှိပြီး မြန်မာနိုင်ငံအရပ်ရပ်ရှိ ရွှေ့ပြောင်းအလုပ်သမားများ လာရောက်လုပ်ကိုင်ကြတဲ့ ခရိုင်မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ မရမ်းကုန်းကျေးရွာသည် ကတိုက်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအောက်တွင် တည်ရှိပါတယ်။ ရွာသူရွာသားအများစုသည် ဆန်၊ စပါး၊ ပဲ၊ နှမ်းစိုက်ပျိုးကြပါတယ်။ သထုံမြို့နယ်၏ စပါးကျီအဖြစ် ထင်ရှားသော ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။

သထုံမြို့နယ်၊ ကတိုက်ကြီးကျန်းမာရေးဌာနတွင် ကျေးရွာပေါင်း(၁၇)ရွာရှိပြီး အိမ်ခြေ(၃၄၃၄)၊ လူဦးရေအားဖြင့်(၂၁၆၀၈)ဖြင့် ဖွဲ့စည်းထားပါတယ်။ အဆိုပါနယ်မြေသည် အနီးဆုံးသိမ်ဆိပ်တိုက်နယ်ဆေးရုံမှ (၁၀)မိုင်ခန့်ကွာဝေးပြီး နွေရာသီနှင့် ဆောင်းရာသီတွင်သာ သွားလာနိုင်သော မြေသားလမ်း တည်ရှိပြီး မိုးရာသီတွင် ခက်ခဲစွာ သွားလာရပါတယ်။ သို့ဖြစ်ပါ၍ မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ရန် မြေဧက အလုံအလောက်ရှိကြောင်းလည်း ရွာသူရွာသားများက တင်ပြလာကြပါတယ်။ မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ(၁)ရုံ ဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာပေါင်း(၂၀)၊ လူဦးရေပေါင်း(၂၆၂၃၆)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်တွင် ရပ်ကွက်(၅)ခုရှိပြီး အိမ်ခြေပေါင်း(၁၄၉၇)၊ လူဦးရေ(၅၆၃၃၄)ဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန(၁)ခုသာ ရှိပါတယ်။ သို့ဖြစ်ပါ၍ သထုံမြို့ပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသန္တရကျန်းမာရေးဌာန(၁)ခု အထူးပင် လိုအပ်လှပါတယ်။ ထို့အတူ သုဝဏ္ဏဝတီမြို့သစ်တွင်လည်း ရပ်ကွက်၊ ကျေးရွာပေါင်း(၂၁)ခုရှိပြီး အိမ်ခြေပေါင်း(၄၃၆၅)၊ လူဦးရေ(၂၄၆၁၈)ဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် သိမ်ဆိပ်(၁)ကျန်းမာရေးဌာနခွဲ၊ သိမ်ဆိပ်(၂)ကျန်းမာရေးဌာနခွဲနှင့် ကျိုက္ကော်ကျန်းမာရေဌာနခွဲတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။ အဆိုပါ သုဝဏ္ဏဝတီမြို့သစ်အားလည်း ဒေသန္တရကျန်းမာရေးဌာန(၁)ခု ဖွင့်လှစ်ပေးမည်ဆိုပါက ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သထုံမြို့ ကတိုက်ကြီးကျေးလက်ကျန်းမာရေးဌာနပိုင် မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးနိုင်ပါရန်နှင့် သထုံမြို့တွင် ဒေသန္တရကျန်းမာရေးဌာန သုဝဏ္ဏဝတီမြို့သစ်တွင် ဒေသန္တရကျန်းမာရေးဌာနများ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ၏ မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ပြည်သူ့ ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်နှင့် ပတ်သက်၍ ဖြေကြားမှာပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်မှာ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံ၊ (၂၅)ခုတင်ဆံ့ ဆင်ဖြူကျွန်း ဆေးရုံ၊ တညောင်တိုက်နယ်ဆေးရုံ၊ (၁၆)ခုတင် တညောင်တိုက်နယ်ဆေးရုံ၊ (၁၆)ခုတင် လင်းဇင်း တိုက်နယ်ဆေးရုံ၊ (၁၆)ခုတင် သရက်တောတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ(၅)ရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၈)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အခု(၅၀) ဖွင့်လှစ်ထားပြီး လူဦးရေ(၂၃၀၀၀၀)ကျော်ကို ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ စလင်းမြို့နယ်ရဲ့ ပြည်သူ့ဆေးရုံရဲ့ တစ်နေ့ပျမ်းမျှလူနာကို ကြည့်တဲ့အခါမှာ (၅)နှစ်စာပျမ်းမျှကြည့်တဲ့အခါမှာ (၆၀)ပဲရှိတာ တွေ့ရပါတယ်။ ဆေးရုံခုတင်အသုံးပြုမှု ရာခိုင်နှုန်းအနေနဲ့ ကြည့်တဲ့အခါမှာ (၅)နှစ်စာပျမ်းမျှကတော့ (၁၂၀)ရာခိုင်နှုန်း ရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့ လုပ်ငန်း ညွှန်ကြားချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လုပ်ငန်းညွှန်ကြားချက်အမှတ် (၄/၂၀၁၆)အရ ရာခိုင်နှုန်း(၁၅၀)ရှိရမှာ ဖြစ်ပါတယ်။ အခု(၁၂၀)တော့ရှိပါတယ်။ သို့သော်လည်း ကျွန်တော် ဒီမှာကြည့်တဲ့အခါမှာ ခုတင်အသုံးပြုရာခိုင်နှုန်းက တစ်ဖြည်းဖြည်းတော့ တက်လာတာတွေ့ရ ပါတယ်။ ၂၀၁၅ ခုနှစ်မှာ (၁၄၀)၊ ၂၀၁၆ ခုနှစ်မှာ (၁၄၀)ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ (၁၅၈)ထိ တက်လာတာ တွေ့ရပါတယ်၊ ကျွန်တော့်အနေနဲ့။ အဲဒီတော့ ဒီတက်လာတဲ့အခါမှာ ခုတင်(၅၀)ကနေပြီးတော့ (၁၀၀) ပေးဖို့ကို စဉ်းစားတဲ့အခါမှာတော့ လောလောဆယ် ၂၀၁၈-၂၀၁၉ ကတော့ ရုတ်တရက် တိုးမြှင့်ပေးဖို့ အစီအစဉ် မရှိသေးပါဘူး။

ကျွန်တော် ဒီမှာကြည့်တဲ့အခါမှာ ခုတင်(၅၀)ကနေ (၁၀၀)ကိုတော့ အရမ်း မပေးချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ (၅၀)ကနေ (၁၀၀)ပေးလိုက်လို့ရှိရင် ဝန်ထမ်းက (၂၀၁)ယောက် ခန့် ရတဲ့အပြင် အထူးကုဘာသာရပ်အားလုံးပေါင်း(၉)မျိုးပေးရပါတယ်။ Surgery, Medicine၊ သားဖွားမီးယပ်၊ ကလေး၊ မေ့ဆေး၊ အရိုး၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ သွား အစရှိတာတွေ တွေ့ရပါတယ်။ ကျွန်တော်က အရမ်းတော့ မပေးချင်ပါဘူး။ သို့သော်ငြားလည်းပဲ ဒီလိုစလင်းလို ဆေးရုံမျိုးက မြန်မာပြည်မှာ တော်တော်များ ပါတယ်။ ခုတင်(၅၀)ရှိတယ်။ (၁၀၀)လိုချင်တယ်။ (၁၀၀)ကို ပေးလောက်တဲ့ အခြေအနေလည်း မရှိ သေးဘူး။ ကြားမှာဖြစ်နေတယ်။ ကျွန်တော်တို့အနေနဲ့က ဘယ်လိုစဉ်းစားနေလည်းဆိုတော့ (၁၀၀) တော့

မပေးသေးဘူး။ သို့သော် လောလောဆယ်စပ်ကြားမှာ ဆရာဝန်ပို့ခန့်မယ်။ လူနာပိုလုပ်မယ်။ ဆေးပို ပေးမယ်။ ခုတင် လိုမယ်ဆိုရင် အဆောက်အဦ ထပ်ပြီးတော့တိုးမယ်။ (၁၀၀)အနေနဲ့ Officially တော့ မပေးချင်ပါဘူး။ (၁၀၀)လေးနဲ့ Officially ပေးမယ်ဆိုရင် ကျွန်တော် ခုနက အထူးကုဘာသာရပ်(၉)မျိုးကို ကျွန်တော်က ပေးဖို့ကို လောလောဆယ် မပေးနိုင်ပါဘူး။ ပစ္စည်းအင်အား ပေးသော်လည်း ဆရာဝန် အင်အားက လောလောဆယ် နောက်ထပ်(၃)နှစ်လောက်ဆိုရင်တော့ ကျွန်တော်တို့ ပေးနိုင်မှာပါ။ အဲဒီတော့ ဒီကိစ္စမှာဆိုရင် ကျွန်တော်တို့ လောလောဆယ် စလင်းဆေးရုံရဲ့ ခုတင်(၅၀)ခွင့်ပြုခန့်ထား ကြည့်တဲ့အခါမှာ သူနာပြုက (၇)ယောက်ရှိရမှာ (၇)ယောက်ရှိပါတယ်။ ဆရာဝန် AS က (၇)ယောက်ရှိရမှာ (၇)ယောက်ရှိတယ်။ သွားဆရာဝန်(၁)ယောက်ရှိရမှာ (၁)ယောက်ရှိတယ်။ ဒီ သူနာပြုအဆင့်(၁)ကလည်း (၁)ယောက်ရှိရမှာ (၁)ယောက်ရှိတယ်။ အဆင့်(၂)ကလည်း (၁)ယောက်ရှိရမှာ (၁)ယောက်ရှိတယ်။ ဒါပေမဲ့ အခုဒီပုံစံကို ကြည့်တဲ့အခါမှာ နည်းနည်းများလာတာ တွေ့တဲ့အခါကျတော့ ဒီဆရာဝန်၊ သူနာပြုနဲ့ မလုံလောက်ဘူး။ ဒီမှာကြည့်တဲ့အခါမှာ ဒီဆရာဝန်နဲ့ လက်ထောက်ဆရာဝန်အဖြစ်နဲ့ ကျွန်တော်တို့ အနေနဲ့ကတော့ ဖြစ်နိုင်မယ်ဆိုရင် အခုလောလောဆယ် တစ်ပြည်လုံးအတိုင်းအတာနဲ့ စဉ်းစားနေတာက မေ့ဆေးနဲ့ အရိုးအထူးကု အဲဒါတွေက လိုပါတယ်။ Accident အတွက် ဒါကို ကျွန်တော်တို့ စဉ်းစား နေပါတယ်။

သို့သော်ငြားလည်းပဲ ဒီလောလောဆယ် ကိစ္စမှာတော့ ကျွန်တော်တို့က စလင်းကလည်း အရေးကြီးတဲ့ နေရာသွားလာဖို့လည်းခက်ခဲတဲ့အတွက် ကျွန်တော်တို့ ဗဟိုကနေ အဖွဲ့တစ်ဖွဲ့သွားပြီးတော့ ကြည့်ပါမယ်။ တကယ်လိုအပ်မယ်ဆိုရင်တော့ ပေးမယ်။ သို့သော် ချက်ချင်းကပေးလို့မရဘူး။ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ပေးမယ်။ သို့သော် ကြားထဲမှာ ကျွန်တော်တို့က ဒီပြဿနာကို ဖြေရှင်းရမယ့် တာဝန်ရှိပါတယ်။ ဆရာဝန်ပိုပေးမယ်၊ သူနာပြုပိုပေးမယ်၊ အခြားဝန်ထမ်းတွေပိုပေးမယ်၊ အဲလိုလုပ်ဖို့ ရှိပါတယ်။ တစ်ချက်ထဲ ကျွန်တော်တို့ ဒီဆေးရုံမှာ လောလောဆယ် အခြေအနေကို စုံစမ်းကြည့်လိုက်တဲ့ အခါမှာ ဝန်ထမ်းအင်အားအနေတော့ ဆေးရုံရဲ့ လိုအပ်မှု၊ အရေးတကြီးလိုအပ်မှုမရှိပါဘူးလို့ ပြောပါ တယ်။ ဓာတ်မှန်အနေနဲ့က ၅၀ မီလီအမ်ပီယမ် စက်ကို သုံးနေတာ ဟောင်းနေတဲ့အတွက် ၁၀၀ မီလီအမ်ပီယမ်စက်ကို လိုချင်တယ်ပြောတော့ ကျွန်တော် ဒါကို ဇန်နဝါရီ တင်ဒါလည်း ပိတ်လိုက်ပါပြီ။ ဒီစက်တွေ ကျွန်တော်တို့ မှာထားပါတယ်။

အဲဒီထဲက 100 MA စက်ကတော့ ချက်ချင်း ဒီ မတ်လအတွင်းမှာ ကျွန်တော်တို့ ပေးနိုင် ပါတယ်။ ဓာတ်ခွဲနှင့်ပတ်သက်ပြီး ကျွန်တော်တို့ စုံစမ်းတဲ့အခါမှာလည်း လက်ရှိ အဆင်ပြေနေတယ် ပြောပါတယ်။ လိုအပ်ချက်မရှိဘူးပြောပါတယ်။ အဆောက်အဦအနေနဲ့ ကြည့်တဲ့အခါမှာတော့ နှစ်ထပ် လူနာဆောင်ရဲ့ ကြမ်းခင်း အပေါ်ထပ်၊ အောက်ထပ် ပြန်ပြင်ပေးဖို့လိုနေတယ်။ အဲဒီဟာကိုတော့ ချက်ချင်း၂၀၁၈-၂၀၁၉ ပြင်ထိန်းရန်ပုံငွေနဲ့လုပ်ပြီးတော့ ဒီနေရာကို ပြင်ပေးလိုက်ပါတယ်။ ဝန်ထမ်းအိမ်ရာ အနေနဲ့ကတော့ (၆)လုံး ရှိပြီး အားလုံးပြင်ပေးသင့်တဲ့ တစ်လုံးအတွက်က ခန့်မှန်းသိန်း (၄၀)ကနေ (၅၀) ကုန်မယ် ပြောပါတယ်။ ဒါကိုလည်း ၂၀၁၈-၂၀၁၉ ပြင်ထိန်းရှိက ချက်ချင်းပေးပြီးတော့ အမြန် ပြင်ပါမယ်။ ဝန်ထမ်းအိမ်ရာကို မီးစက်အနေနဲ့ကတော့ 25 KVA (၁)စက်ထဲနဲ့ မနိုင်ဘူး ပြောပါတယ်။ 25 KVA စက်တစ်လုံးကို အခု မတ်လမှာ ကျွန်တော်တို့ ပို့ပေးပါမယ်နော်။

သို့သော်လည်း ကျွန်တော် ခုနတင်ပြတဲ့အတိုင်း ဒီနေရာမှာ ကျွန်တော်အဖွဲ့တစ်ဖွဲ့ လွှတ်ပါမယ်။ ဒီမှာ မကွေးတိုင်းကအဖွဲ့ရယ်၊ ဗဟိုကအဖွဲ့ရယ် သွားပြီးတော့ အသေးစိတ်လေ့လာမယ်။ လေ့လာပြီးတော့ လိုအပ်တဲ့ဟာကို ကျွန်တော်တို့ ချက်ချင်းဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမောင် ရဲ့ မေးခွန်းကို ဒီလောက်ပဲ ဖြေကြားပါမယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်အမှတ်(၄) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး၏ မေးခွန်းဖြစ်တဲ့ ချောင်းဆုံမြို့နယ်၊ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ၊ ပြည်သူ့ကျန်းမာရေးဦးစီးရုံး၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို ၂၀၁၈-၂၀၁၉ မှာ ပေးနိုင်မှု ရှိ/မရှိကို မေးခြင်းဖြစ်ပါတယ်။ ဒါခြုံငုံပြီး မေးထားခြင်း ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်မှာတော့ သင်္ကြောကျေးလက်ကျန်းမာရေးဌာန၊ ကညော့်ကျေးလက်ကျန်းမာရေးဌာန၊ ကမာမိုကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပလောကျေးလက်ကျန်းမာရေးဌာနခွဲမှာ လိုအပ်တဲ့ ဝန်ထမ်းအိမ်ရာများကို ဆောက်ပေးဖို့ဆိုပြီး တောင်းဆိုပါတယ်။ ဒီကိစ္စမှာ ကျွန်တော် အခုတင်ပြချင်တာကတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ နှစ်သည် ဝန်ထမ်းအိမ်ရာနှစ်လို့ ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ ရတဲ့ပိုက်ဆံတွေအကုန်လုံးကို ဆေးရုံအသစ်ဆောက်ခြင်း၊ ဆေးခန်းသစ်ဆောက်ခြင်းကို တတ်နိုင်သမျှ မလုပ်ပါဘူး။ မလွှဲမဖြစ်သာတဲ့ဟာတွေပဲ ကျွန်တော်တို့ ဆောက်ပါမယ်။ လောလောဆယ်ဆောက်နေတဲ့ ဥစ္စာတွေကတော့ ဆက်ပြီး ဘတ်ဂျက်ကိုချပါတယ်။ ရှိသမျှကျန်တဲ့ဘတ်ဂျက်တွေအားလုံး ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာဆောက်ဖို့ လုပ်ထားပါတယ်။

ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ တိုင်းနှင့် ပြည်နယ်အားလုံး (၁၄)ခုလုံးကို ကျွန်တော် စာထုတ်ပြီးပါပြီ။ ကိုယ့်ရဲ့တိုင်းနဲ့ပြည်နယ်မှာ ရှိတဲ့ ဘယ်ဆေးရုံ၊ ဘယ် Ritc Sub Centre၊ မြို့နယ်ဆေးရုံ၊ ခရိုင်ဆေးရုံမှာရှိတဲ့ ဝန်ထမ်းအိမ်ရာလိုအပ်ချက်တွေကို အကုန်လုံးတောင်းထားပါတယ်။ တောင်းထားတဲ့အခါမှာ ဒီစာရင်းတွေရလို့ရှိရင် ကျွန်တော်တို့က ဒါကိုတစ်ခါတည်းသုံးသပ်ပြီးတော့ Criteria ဦးစားပေးသတ်မှတ်ပြီးတော့ တစ်ပြည်လုံးနဲ့ တစ်ပြိုင်နက်ဆောက်ပါမယ်။ ဆိုလိုတာက တစ်နှစ်အတွင်းကိုလည်း ပြီးနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ဝန်ထမ်းအိမ်ရာဆောက်တာ အရမ်းလွယ်ပါတယ်။ ဆေးရုံဆောက်တာနဲ့ လုံးဝမတူပါဘူး။ ဆေးရုံဆောက်လို့ရှိရင် ဓာတ်ခွဲခန်းကတစ်မျိုး၊ ဓာတ်မှန်ခန်းက တစ်မျိုး၊ Operation Room က တစ်မျိုး၊ ဆိုတော့ ဒီဝန်ထမ်းအိမ်ရာက အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ဒီမှာတစ်ဆက်တည်း တင်ပြတာကတော့ ဒီဝန်ထမ်းအိမ်ရာ ပြီးသွားမယ်ဆိုရင် ကျွန်တော်တို့ ဝန်ထမ်းအပြောင်းအရွှေ့မှာ အရမ်းလွယ်သွားပါပြီ။ အခု ဝန်ထမ်းအပြောင်းအရွှေ့လုပ်ရင် ဝန်ထမ်းတွေက မသွားဘူး ဆိုတာက ဝန်ထမ်းအိမ်ရာမရှိလို့ မသွားခြင်းဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ မှာတော့ ကျွန်တော်တို့ ကိစ္စအရပ်ရပ်များဟာ တော်တော်အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြတာက ဥပမာဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာနမှာရှိတဲ့ ဝန်ထမ်းအိမ်ရာဆောက်မယ်ဆိုရင် (၆၃)သန်းကုန်ပါတယ်။ ဌာနခွဲမှာရှိတဲ့ ဝန်ထမ်းတွေ အတွက် အိမ်ရာဆောက်မယ်ဆိုရင်တော့ (၃၁)သန်းကုန်ပါတယ်။ အဲဒီတော့ အလားတူစွာပါပဲ (၁၆)ခုတင်ဆိုရင် နည်းနည်းပိုများမယ်။ (၂၅)ခုတင်ဆိုပိုများမယ်။ (၅၀)ဆိုပိုများမယ်။ ဒါတွေအကုန်လုံးက စာရင်းရပြီးရင် ဦးစားပေး စနစ်နဲ့လုပ်မယ်။ ပထမ ၂၀၁၈-၂၀၁၉ မှာပါသွားရင် အကုန်ဆောက်လိုက်မယ်။ မပါဘဲ

ကျန်တဲ့ဥစ္စာတွေကို ၂၀၁၉-၂၀၂၀ မှာထည့်ပါမယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီကိစ္စမှာတင်ပြချင်တာကတော့ အမြန်ဆုံးအဆင်ပြေသွားပါလိမ့်မယ်။ ဝန်ထမ်းအိမ်ရာ။ ဦးလင်းတင်ဌေး ရဲ့ ချောင်းဆုံမြို့နယ်မှာ ကျွန်တော်လုပ်ပေးပါမယ်နော်။ ကျွန်တော်တို့ ဒါကတော့ အဆင်ပြေဖို့ အများကြီး ရှိကြောင်း ဒီမေးခွန်းကို ဒီလောက်ပဲ ဖြေကြားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်ဒီမှာ တစ်ဆက်တည်းတင်ပြရရင် ဝန်ထမ်းအိမ်ရာကို ဆောက်မယ့် ကိစ္စကို စာရင်းရတာနဲ့ တစ်ပြိုင်နက်တည်း ကျွန်တော်က သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်ကို ကြိုပြီး ပြောတော့မှာ။ သူတို့ စတင်ပြီးတော့လုပ်တော့မယ်။ မြေနေရာရှာထား။ တင်ဒါခေါ်တဲ့ ကိစ္စတွေကို ကြိုပြီးတော့ အကုန်လုံးအဆင်သင့်လုပ်ထားပြီးတော့ ဘတ်ဂျက်ကျတာနဲ့ Officially စပြီးတော့ ဒါကို စပြီးတော့ ပိုက်ဆံပေးလို့ရအောင်လုပ်ထားပါတယ်။ ကျွန်တော်သိပ်မစောင့်ပါဘူး။ ဘတ်ဂျက်ရတဲ့အထိ မစောင့်ဘူး။ ကြိုတင်ပြီးတော့ အကုန်လုပ်ထားမှာ ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော် တင်ပြချင်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်ရဲ့ မေးခွန်းဖြစ်တဲ့ သထုံမြို့၊ ကတိုက်ကြီး ကျေးလက် ကျန်းမာရေးဌာနပိုင် မရမ်းကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးဖို့ ကိစ္စရယ်၊ သထုံမြို့မှာ ဒေသန္တရတစ်ခုရယ်၊ သုဝဏ္ဏဝတီ မြို့သစ်မှာ ဒေသန္တရကျန်းမာရေးတစ်ခု ဆောက်ပေးရန် ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံနှင့် ဒီနေရာမှာ ကျွန်တော်တို့ သထုံမြို့မှာ ပေးတာ ခုတင်(၁၀၀)ဆံ့နှင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံနှစ်ရုံပဲ ရှိတာကို တွေ့ရပါတယ်။ လူဦးရေက နှစ်သိန်းခုနှစ် သောင်းကျော်ကို Service ပေးနေတာ တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း မရမ်းကုန်း ကျေးလက် ကျန်းမာရေးဌာနခွဲပိုင် မြေနေရာမှာ ကျွန်တော်တို့ သိရတဲ့အခါမှာ သူ့ရဲ့ Catchment Area ပေါ့လေ။ သူ့ကို လာမယ့် ဧရိယာတွေက ရွာက (၅)ရွာပဲ ရှိပါတယ်။ အိမ်ခြေက (၉၉၈) အိမ်ပဲ ရှိပြီး။ လူဦးရေက (၆၁၈၈) လေးပဲ ရှိပါတယ်။ သို့သော် ဒီ မရမ်းကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ပါဝင်တဲ့ သူ့အပေါ်မှာ ရှိတဲ့ ကတိုက်ကြီး ကျေးလက်ကျန်းမာရေးဌာန၊ သူ့အောက်မှာ မရမ်းကုန်းရှိပါတယ်။ ကတိုက်ကြီးမှာ ကြည့်တဲ့အခါကျတော့ ကျေးရွာ (၁၇)ရွာ၊ အိမ်ခြေ(၃၄၉၃)အိမ်၊ လူဦးရေက(၂၁၉၀၀) ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ခြုံငုံသုံးသပ်တဲ့အခါမှာ တိုက်နယ်ဆေးရုံဖွင့်မယ့်ကိစ္စကို ကြည့်တဲ့ အခါမှာ မရမ်းကုန်းမှာ ၂၀၁၄ ကနေ ၂၀၁၇ နှစ်အတွက် ဌာနခွဲမှာ လာတဲ့ လူနာကြည့်တဲ့အခါမှာ တစ်နှစ်လုံးမှာမှ (၁၃၀၀၀)ပဲ ရှိပါတယ်။ အထက်အဆင့်ကို လွှဲပေးတဲ့လူနာကလည်း (၄၄)ဦးပဲ ရှိပါတယ်။ ဒါပေမဲ့ ကတိုက်ကြီးကျေးလက်ကျန်းမာရေးဌာနဆိုရင် သူ့အပေါ်မှာရှိတဲ့ ကတိုက်ကြီး ကျေးလက်ကျန်းမာရေးဌာနကတော့ ၂၀၁၄ ကနေ၊ ၂၀၁၇ နှစ်မှာ တစ်နှစ်ကို ပျမ်းမျှလူနာ (၁၀၅၀၀) လောက်လာတာ တွေ့ရပါတယ်။ အထက်ကို လွှဲပေးတဲ့ လူနာကလည်း တစ်နှစ်ကို ပျှမ်းမျှခြင်း(၈၉) ယောက် ရှိတာ တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီမှာကြည့်တဲ့အခါမှာ နည်းနည်းတော့ တိုက်နယ်ဆေးရုံဖွင့်ဖို့တော့ အခြေအနေရှိတယ်။ အဲဒီတော့ ကျွန်တော်တိုက်နယ်ဆေးရုံဖွင့်ဖို့အတွက်ကို အခြေခံမူကြီး (၆)ချက် ရှိပါတယ်။ အဲဒီ (၆) ချက်နဲ့ ကျွန်တော်တို့ ပြန်စစ်လိုက်ပါတယ်။ ဥပမာ ပထမဆိုရင် ကျေးလက်ကျန်းမာ ရေးဌာန ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ပြီး Utilization Rate ကောင်းရမယ်ဆိုတော့ ဒီ ဥစ္စာက မလုပ်ထားပါဘူး။ ဌာနခွဲပဲ ဖြစ်နေပါတယ်။ ကျေးလက်ကျန်းမာရေးဌာန မဟုတ်ပါဘူး။ ဌာနမှ ကျွန်တော်က တင်ရတာပါ။ (၁၆) ခုတင်ဆံ့ကို။ ဌာနခွဲဖြစ်နေပါတယ်။ နောက်တစ်ချက်က အဆောက်အဦ ဆောက်လုပ်ရန် မြေနေရာ အနည်းဆုံး(၄)ဧက ရှိတဲ့အခါကျတော့ ကျွန်တော်တို့ ကြည့်တဲ့အခါ ခုနကတော့ ကျွန်တော်တို့ မြေရှိတယ် ပြောပါတယ်။ ကျွန်တော့်အနေနဲ့တော့ မြေမရှိဘူးလို့ ကျွန်တော် အကြောင်းကြားထားပါတယ်။

(၃) အနေနဲ့ကတော့ တိုက်နယ်ဆေးရုံ ဖွင့်မယ့်နေရာဟာ မြို့နယ်ဆေးရုံနဲ့ (၁၀)မိုင်နဲ့ ဝေးပြီး နည်းနည်းခက်ခက်ခဲခဲ သွားရတဲ့ နေရာဖြစ်ရမယ်။ သို့မဟုတ် အခြားတိုက်နယ်ဆေးရုံ၊ အနီးနားမှာရှိတဲ့ တိုက်နယ်ဆေးရုံ (၁၀)မိုင်ထက်ဝေးပြီး နည်းနည်းခက်ခက်ခဲခဲသွားရတဲ့နေရာ ဖြစ်ရမယ်။ အဲဒီတော့ ဒီမှာတော့ ပြန်ကြည့်တဲ့အခါမှာ နည်းနည်းသိပ်ပြီးတော့ မခက်ဘူး။ အခြားဆေးရုံများသို့ အလွယ်တကူ သွားလာနိုင်တာကို တွေ့ရပါတယ်။ (၄) အချက်ဖြစ်တဲ့ အိမ်ခြေနှင့် အိမ်ထောင်စုဦးရေ များပြားပြီး လူဦးရေ သိပ်သည်းမှုများပြားမယ်ဆိုတဲ့အခါကျတော့ ဒီ မရမ်းကုန်းကျေးလက် ကျန်းမာရေးဌာနမှာ ခုန ကျွန်တော် တင်ပြရရင် ရွာကလည်း (၅)ရွာပဲ ရှိပါတယ်။ အိမ်ခြေကလည်း (၉၉၉) အိမ်ပဲရှိတယ်။ လူဦးရေက (၆၁၈၈) ရှိပြီးတော့ သိပ်ပြီးတော့ Population Density လည်း မများပါဘူး။ Population သိပ်မများပါဘူး။

နောက် (၅) Criteria ဖြင့် ကြည့်လျှင် လုံခြုံမှုကောင်းမွန်ခြင်းကတော့ ရှိပါတယ်။ လုံခြုံပါတယ်။ (၆) Criteria အချက်ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ သွားရောက်ရန် ခက်ခဲသောနယ်မြေမှ လူနာများ အလွယ်တကူရောက်နိုင်သောနေရာဖြစ်ခြင်း၊ ဒါနဲ့လည်း သိပ်ပြီးတော့ မကိုက်ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြန်ခြုံကြည့်တဲ့အခါမှာ ကတိုက်ဆေးရုံမှာတော့ ကတိုက် ကျေးလက်ကျန်းမာရေးဌာနခွဲကို တင်မယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ သို့သော် ကျွန်တော် ဒီနေရာမှ တစ်ဆက်တည်း မဆုံးဖြတ်ပါဘူး။ ကျွန်တော်တို့ ဗဟိုနှင့် သထုံဆိုတော့ မွန်ပြည်နယ်က အဖွဲ့နှင့် သွားပြီးတော့ သေချာလေ့လာပါမယ်။ လုပ်မယ်ဆိုလို့ ရှိရင်တောင် သူက မရမ်းကုန်းမှာ လုပ်လို့မရဘူး။ သူက ကတိုက်ကြီးမှာပဲ လုပ်လို့ရမယ်ခင်ဗျ။ အဲဒီဟာကိုတော့ ကျွန်တော်သေသေချာချာကြည့်ပြီးမှ ဆက်လက်ဆုံးဖြတ်မှာ။ ဒါပထမတစ်ပိုင်းပါ။ နည်းနည်း (၅)မိနစ်။ အချိန်ပေးထားတာထက် နည်းနည်း ပိုနိုင်ပါတယ် ခင်ဗျား။

ဒုတိယဖြစ်တဲ့ ဒေသန္တရကျန်းမာရေးဌာန (၂)ခုတောင်းထားပါတယ်။ အခုကတော့ သထုံမှာ တောင်းပါတယ်။ နောက်တစ်ခုကတော့ သုဝဏ္ဏဝတီ။ အဲဒီမှာ တောင်းထားပါတယ်။ ဒေသန္တရကို လုပ်မယ်ဆိုရင်လည်း ကျွန်တော်က အခြေခံမူ(၅)ချက်နဲ့ ကိုက်လားမကိုက်လားဆိုတာ ကျွန်တော်တို့ ပြန်ကြည့်ရပါတယ်။ ပထမမူကတော့ မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဌာနများ ဖွင့်လှစ်ပြီးဖြစ်သော မြို့နယ်များမှ မြို့နယ်လူဦးရေက ငါးသောင်းကနေ၊ တစ်သိန်းရှိခြင်း ကြည့်လိုက်တဲ့အခါမှာ ရှိပါတယ်။ သထုံမြို့မှာ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခုနှင့် ကျောင်းကျန်းမာရေးဌာနတစ်ခု ရှိတယ်။ နောက် သထုံ ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်ရမယ်ဆိုရင် လူဦးရေ ခြောက်သောင်းကျော်လောက်ကို ကျန်းမာရေး

စောင့်ရှောက်မှုပေးနိုင်ခြင်း၊ ဒါညီညွတ်ပါတယ်။ Criteria နဲ့။ (၂) Criteria နဲ့ မြို့ရပ်ကွက် များပြားပြီး ပြည်သူ့ဆေးရုံ ပြင်ပလူနာများသို့ သွားရောက်ပြသရန် ခရီးအကွာအဝေး အခက်အခဲရှိခြင်း၊ ဒီနေရာမှာတော့ သိပ်ပြီးတော့ မဝေးပါဘူး။ သွားဖို့။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒီမှာ ပေးမယ်ဆိုလို့ရှိရင်တော့ ခုတင်(၁၀၀)ရှိတဲ့ ဆေးရုံကနေပြီးတော့ ပြင်ပလူနာဌာနတို့ကို ဒီမှာသွားပြလို့ရှိရင် အဆင်ပြေနိုင်ပါတယ်။ ဒါမရှိသော်ငြားလည်း သင့်တင့်တဲ့ အခြေအနေရှိပါတယ်။

(၃) Criteria ဖြစ်တဲ့ ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ခြင်းသည် ပြည်သူ့ဆေးရုံ၊ ပြင်ပလူနာများအစား အရေးပေါ်ဌာနအဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်းဖြင့် ဆေးရုံလုပ်ငန်းများကို ပိုမိုတာဝန်ထမ်းဆောင်နိုင်ဖို့။ ဒါရှိပါတယ်ခင်ဗျား။ ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ခြင်းသည် ပြည်သူ့ဆေးရုံရဲ့ ပြင်ပလူနာဌာနကဲ့သို့ သူ့ကိုစောင့်ရှောက်ဖို့ ရှိပါတယ်။ တိုးချဲ့ရပ်ကွက်များလည်း ဖော်ထုတ်ရန် ရှိတဲ့အတွက် ဒါ Criteria နှင့် ကိုက်ညီပါတယ်။ နောက်ဆုံး Criteria ဖြစ်တဲ့ ဒေသန္တရ ကျန်းမာရေးဌာန ဖွင့်လှစ်ပေးဖို့အတွက် မြို့ပေါ်လူဦးရေ တစ်သိန်းခန့်ရှိရန် ဖြစ်သော်လည်း နမူနာအဖြစ် ပြည်နယ်များတွင်တော့ ကျွန်တော် ခွင့်ချက်ပေးပါတယ်။ ပြည်နယ်ကို ခွင့်ချက်ပေးတဲ့အတွက် လူဦးရေ (၆)သောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှု၊ လွှမ်းခြုံမှုပေးနိုင်တဲ့ဟာကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့ ပါဝင်သော စီမံခန့်ခွဲရေးကော်မတီကလည်း ကျွန်တော်တို့ ဖွင့်လှစ်ဖို့အတွက် ထောက်ခံထားပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ အလားတူပါပဲ ဒီ သုဝဏ္ဏဝတီ ဒေသန္တရကျန်းမာရေးဌာနဖွင့်လှစ်ဖို့ကိုလည်း ဒီ Fact နဲ့ စစ်တဲ့အခါ သွားပြီး ညီတာတွေ့တဲ့အတွက် ဒီ ဒေသန္တရနှစ်ခုကို ဖွင့်ဖို့ကိုတော့ ကျွန်တော်တို့ အမြန်ဆုံးဆောင်ရွက်ပေးပါမယ်။ ပထမတောင်းတဲ့ ဥစ္စာကတော့ ကျွန်တော်တို့ စဉ်းစားပြီးမှပေးမှာပါ။ အဲတော့ ဒီနေရာမှာရှိတဲ့ ဒေသန္တရနှစ်ခုဖွင့်မယ်ဆိုတော့ မြေရှိလား၊ မရှိလားဆိုတဲ့ ပြဿနာရှိပါတယ်။ သို့သော်လည်း ဒီမှာကြည့်တဲ့အခါမှာ မြေကရှိမယ် ပြောပါတယ်။ ပထမဖွင့်လှစ်မယ့်နေရာမှာ အမှတ်(၂)တာယာစက်ရုံဟာ စွန့်ပစ်မြေမှာရှိတဲ့ (၃၄၈.၅၇) ဧကကနေပြီးတော့ ကျွန်တော်တို့ မြေဧကရနိုင်ပါတယ်။ မြေရှိပါတယ်။ အလားတူ သုဝဏ္ဏဝတီ ဒေသန္တရအတွက်ကို မြေကိုလည်း ခမရ (၂၄) စွန့်လွှတ်ထားတဲ့ မြေမှ အသေးစိတ်တော့ပါပါတယ်။ အဲ့ဒါတွေက မြေလည်း ရှိပါတယ်။ အဲ့ဒီတော့ ဒီမြေကိစ္စရှိတယ်ဆိုတာကို ကျွန်တော်တို့က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးကို တင်ပြပါမယ်။ ဒီမြေတွေကို ကျွန်တော်တို့ ဂရန်နှင့် ရပြီဆိုလို့ရှိရင် ကျွန်တော်တို့ ဒါကို ဆက်လက်ပြီးတော့ အမြန်ဆုံး ဆောက်ဖို့ကျွန်တော်လုပ်ပါမယ်။ အဲဒီတော့ ခြုံငုံသုံးသပ်ရမယ်ဆိုရင်တော့ ခုန ဒေသန္တရနှစ်ခုရဲ့ဟာကို ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာလည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အမြင်မှာလည်းကောင်း၊ မြေနေရာပိုင်ဆိုင်မှု ရပြီဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ နှစ်အတွင်းမှာတော့ ရအောင်ကြိုးစားမယ်။ ကြိုးစားမယ်ဆိုတာက ကျွန်တော်တို့အဆင့်ဆင့်လုပ်ရပါတယ်။ ဒီမှာအဆင့်ဆင့်ဆိုတာက အမျိုးသားကျန်းမာရေးစီမံကိန်း၊ နောက် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့တင်၊ နောက်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတင်၊ အကုန်ထောက်ခံချက်ရပြီဆိုရင် အစိုးရအဖွဲ့ရုံးတင်၊ အစိုးရအဖွဲ့ရုံးကပြီးလို့ရှိရင် အစိုးရကို တင်ပြီးလို့ရှိရင်တော့ အစိုးရ Cabinet ကိုတင်ပြီးတော့ သဘောတူမယ်ဆိုရင် ကျွန်တော်တို့ စတင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရင်တော့ ကျွန်တော်တို့ ဒေသန္တရနှစ်ခုကို ပေးဖို့ကတော့ ချက်ချင်းပေးလို့ ရပါပြီ။ ပထမတစ်ခုကတော့ ကျွန်တော်တို့ အဖွဲ့ကသွားရောက်ကြည့်ရှုပြီးမှ အဖွဲ့၏ သုံးသပ်ချက်ပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက် သင့်/မသင့်ကို ကျွန်တော်တို့ ဆုံးဖြတ်မှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်ကျော်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ကျွန်တော်ဖတ်ကြားတင်သွင်းပေးပါမယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇- ၆၃၂
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ ၄ ရက်

၁။ ပြည်သူ့လွှတ်တော်က စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြင်ဆင် ချက်မရှိ သဘောတူအတည်ပြုပြီး ၂၀-၁၁-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့ အတွက် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ပြီး ၂၄-၁၁-၂၀၁၇ ရက်နေ့မှာ ဆွေးနွေး ညှိနှိုင်း သုံးသပ်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ စည်ပင်သာယာရေးဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေများအရ စည်ပင်သာယာရေးအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ စည်ပင်သာယာရေး ဥပဒေ(၁၉၉၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅)ကို လက်ရှိအခြေအနေမှာ အသုံးပြုရန်မလိုတော့ပါသဖြင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းအပေါ်မှာ ထပ်မံပြင်ဆင်ဖြည့်စွက်ရန်မရှိတော့တဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်ပြီးတော့ ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၃-၁-၂၀၁၈(အင်္ဂါနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးလားလ်မင်းထန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/၂၀၁၇ - ၆၀၆
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ နိုင်ဝင်ဘာလ ၁၇ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၆ - ၁၁ -၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြသောင်းမှ အကြံပြုဆွေးနွေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၆-၁၁-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အလုပ်အမှုဆောင်အဖွဲ့၊ တာဝန်ခံအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်းတို့ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဥ)ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၊ မြို့နယ်၊ မြို့၊ တက္ကသိုလ်၊ ကောလိပ်အသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်းအသင်းခွဲငယ် တာဝန်ခံအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၆ ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ တက္ကသိုလ်၊ ကောလိပ်၊

အခြေခံပညာကျောင်းများရှိ အသင်း၊ အသင်းခွဲနှင့် အသင်းခွဲငယ်များအတွက် နာယကများ တင်မြှောက်ခြင်းကို အတည်ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလ ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ တို့ကို တင်ပြပါမယ်။

အပိုဒ် ၅ ကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ( a)ကို အောက်ပါအတိုင်း အစားထိုး ရမည်-

(a) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၊ မြို့နယ်၊ မြို့၊ တက္ကသိုလ်၊ ကောလိပ် အသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စု၊ အခြေခံပညာကျောင်း အသင်းခွဲငယ် တာဝန်ခံအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်။

၆။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ထ)၏ နောက်တွင် ပုဒ်မခွဲ(ဒ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဒ) စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အသင်း၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို အထွေထွေ အတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။

၇။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများရှိ အသင်း၊ အသင်းခွဲ နှင့် အသင်းခွဲငယ်များအတွက် နာယကများ တင်မြှောက်ခြင်းကို အတည်ပြုနိုင်သည်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီ အနေနဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည်ပြုသင့်တဲ့အချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြချက် အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ (ခ)အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမြင့်ထွေး မှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပြင်ဆင်ချက်ဖြင့် တင်သွင်းထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုကို တင်သွင်းမည် ဖြစ်ပါတယ်ခင်ဗျား။

ဤဥပဒေနှင့်ပတ်သက်၍ အဆင့်ဆင့်သော လုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့်အားလုံး တင်ပြပြီး ဖြစ်ပါသည်။ ယနေ့လည်း အမျိုးသားလွှတ်တော်၌ ဆွေးနွေးပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးက ပြင်ဆင်လိုသည့် အချက်များကို သဘောတူပြီးဖြစ်ကြောင်း သိရှိရပါသည်။ ထိုကြောင့် ပြင်ဆင်ပြီးသော ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကို အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုအား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် စောယှားဖောင်အွာ က ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၈။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းများကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၈။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့သည့် စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခွင့် ပြုပါရန် ပန်ကြားအပ်ပါတယ်။

မူပိုင်ခွင့် ဥပဒေကြမ်းကို ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသော မူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်၊ TRIPS (Trade-Related Aspects of Intellectual Property Rights) သည် အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့်အညီ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ ရေးဆွဲထားသော မူပိုင်ခွင့် ဥပဒေ အပေါ်ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့နှင့် နိုင်ငံတကာ မူပိုင်ခွင့် အဖွဲ့များတို့မှ ပညာရှင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်အသီးသီးရှိ ဥပဒေပညာဌာနများမှ ပါမောက္ခများ၊ ပညာရှင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဎင်းအပြင် နိုင်ငံတကာမှ မူပိုင်ခွင့် အဖွဲ့အစည်းများဖြစ်တဲ့ ဂျပန်တီထွင်မှု မူပိုင်ခွင့်ရုံး(JPO)၊ ဥရောပသမဂ္ဂကော်မရှင်၊ EU၊ အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ USH South Center တို့မှလည်း အကြံပြုချက်များကို ရယူ၍ မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်ပြီး နိုင်ငံတော်ရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမယ့် ဥပဒေဖြစ်စေရန် ရေးဆွဲခဲ့ပါတယ်။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြဋ္ဌာန်းကြခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်မှာ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူဖြစ်စေရန်နှင့် စီးပွားရေးနှင့် ယဉ်ကျေးမှု ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်တို့အတွက် ကျွမ်းကျင်မှု၊ တီထွင်ဆန်းသစ်မှုတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကျွမ်းကျင်မှု၊ တီထွင်ဆန်းသစ်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့နှင့် သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်မယ့် စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁:၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့တဲ့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူ ပြုစုဆောင်ရွက် ခဲ့သော စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ စက်မှု ဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း

နှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာများကို ကော်မတီက ဥပဒေကြမ်း တစ်ရပ်ချင်းစီအလိုက် ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ယနေ့ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာတဲ့ ပညာရှင်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ မူပိုင်ခွင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ မူပိုင်ခွင့် ဥပဒေကြမ်းတွေကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်က ပေးပို့လာပါတယ်။ ဒီလို ပေးပို့လာတဲ့အခါမှာ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းကိုတော့ ပြီးခဲ့တဲ့နှစ် ဇူလိုင်လ ၁၄ ရက်နေ့မှာ ပေးပို့လာတာဖြစ်ပြီးတော့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း၊ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းတွေကို power Point Slide မှာ ဖော်ပြထားတဲ့အတိုင်းပါပဲ။ ၂၅ ရက်နေ့မှာ ပေးပို့လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းမှာ အစည်းအဝေးတွေ စုစုပေါင်း (၁၀)ရက်တိုင်တိုင် ကျင်းပပြီးတော့ ကြားနာမှုတွေ လုပ်ခဲ့ပါတယ်။

ဒီ မူပိုင်ခွင့် ဥပဒေကြမ်း အစည်းအဝေးများကို တက်ရောက်သူများ စာရင်းကိုလည်း တင်ပြထားတဲ့အတိုင်းပါပဲ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က တာဝန်ရှိ ပုဂ္ဂိုလ်တွေ တက်ရောက်ခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အရပ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါတယ်။

တစ်ခါ ကျွန်တော်တို့ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့က ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်မှ အဖွဲ့ဝင် ပညာရှင်များ၊ စုစုပေါင်း ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၅)ဖွဲ့က ပညာရှင်တွေ၊ ကိုယ်စားလှယ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးတော့ ညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းရပ်

တွေဟာ လုပ်ငန်း(၄)မျိုးရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကုန်အမှတ်တံဆိပ်၊ Trade Mark စက်မှုဒီဇိုင်း၊ Industrial ဒီဇိုင်း၊ တီထွင်မှု Invention စာပေနှင့် အနုပညာ Copyright ဆိုပြီးတော့ (၄)မျိုးရှိတဲ့ အနက်မှာ လုပ်ငန်းရပ်တွေရဲ့ အသွင်သဏ္ဌာန် တူညီပါတယ်။ စီမံခန့်ခွဲရေးနဲ့ တရားစီရင်ရေးနည်းလမ်းတွေနဲ့ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကလည်း နီးစပ်မှုရှိပါတယ်။ ဒါပေမဲ့ ကွဲပြားခြားနားတဲ့ ဝိသေသလက္ခဏာတွေ ရှိတဲ့အတွက် သီးခြားစီ၊ ဥပဒေတစ်ရပ်ချင်းစီအလိုက် သီးခြားစီပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေအနေနဲ့ကတော့ ဥပဒေကြမ်း(၄)ရပ်စလုံးအပေါ်မှာ အများစုအားဖြင့် တူညီတဲ့အတွက်ကြောင့်မို့လို့ တပေါင်းတစည်းတည်း အစီရင်ခံတင်ပြရခြင်း ဖြစ်ပါတယ်။

နောက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံကို ကျွန်တော်တို့ ပြင်ဆင်ချက် အပြည့်အစုံ ကန့်လန့်ဖြတ်ဇယားတွေကိုလည်း ဖြန့်ဝေထားတဲ့နေရာမှာ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း အတွက် စာမျက်နှာ(၅၃)မျက်နှာ၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းအတွက် စာမျက်နှာ (၇၁)မျက်နှာ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းအတွက် စာမျက်နှာ(၆၂)မျက်နှာ၊ စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းအတွက် စာမျက်နှာ(၇၉)မျက်နှာ၊ စုစုပေါင်းစာမျက်နှာ (၂၆၅)မျက်နှာ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီအတွက် အရေးကြီးတဲ့ အချက်အလက်များကိုသာ တင်ပြခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးကို လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်။

ဒီ ဥပဒေကြမ်းတွေကို ခုနက ပြည်ထောင်စုဝန်ကြီးလည်း ရှင်းလင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ တာဝန်ယူပြီးတော့ လွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ ဒီလို တင်သွင်းခဲ့တဲ့နေရာမှာ ယခင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကို ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီးတော့ ဖွဲ့စည်းခဲ့တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ လွှတ်တော်ကို ပေးပို့လာတဲ့ ဥပဒေကြမ်းတွေမှာ တာဝန်ခံဝန်ကြီးဌာနအဖြစ် ပညာရေးဝန်ကြီးဌာန ဆိုတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတွေဟာ အကျိုးစီးပွား၊ Interest နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

Power Point မှာ ဖော်ပြထားတဲ့အတိုင်းပါပဲ။ ကုန်အမှတ်တံဆိပ် ဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ အများဆုံး ဆက်နွယ်နေတာ ဖြစ်ပါတယ်။ စက်မှုဒီဇိုင်းဆိုရင် စက်မှုဝန်ကြီးဌာနနဲ့ ဆက်နွယ်ပါတယ်။ တီထွင်မှုနှင့် ပတ်သက်လို့ကတော့ ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့နဲ့ သက်ဆိုင်ပါတယ်။ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဆိုရင်တော့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အလွန်အင်မတန်မှ သက်ဆိုင်တဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် အကျိုးစီးပွား Interest နဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေ ဖြစ်တဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ဆောင်ရွက်စေသင့်ကြောင်းကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိရပါတယ်။ ဒီအပေါ်မှာ အခြေခံပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေအနေနဲ့ တင်ပြထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ မူလက ကော်မတီ ပညာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဖွဲ့စည်းတဲ့ ကော်မတီကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်စေဖို့အတွက် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတတစ်ဦး

ဦးဆောင်တဲ့ ဗဟိုကော်မတီအဖြစ် ကျွန်တော်တို့ ဒါ ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ပညာရေး ဝန်ကြီးဌာနနေရာမှာ တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဒါ ပြောင်းလဲ တာဝန်ပေးအပ်ဖို့ ဖြစ်ပါတယ်။

နောက်တစ်ခါ သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်တဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီး ဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ကိုလည်း ဒီဥပဒေမှာ ပါဝင်စေဖို့ ဖြစ်ပါတယ်။ ထူးခြားမှု တစ်ခုကတော့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတုန်းက ကျွန်တော်တို့ လွှတ်တော်များက ဖွဲ့စည်းပေးခဲ့သလိုပါပဲ။ Agency ဖြစ်ပါတယ်။ Agency တစ်ရပ် ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နိုင်မှသာလျှင် ဒီ မူပိုင်ခွင့် လုပ်ငန်းစဥ်(၄)ရပ်ကို တိတိကျကျ ကျကျနန ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ Agency ရဲ့ အောက်မှာတော့ တာဝန်ယူဆောင်ရွက်မယ့် ဦးစီးဌာန ရှိမှာဖြစ်ပါတယ်။ မှတ်ပုံတင်အရာရှိကိုလည်း မူလဥပဒေကြမ်းမှာ ညွှန်ကြားရေးမှူးအောက် မနိမ့်သောလို့ ဖော်ပြထားခဲ့ပေ မယ့် တိတိကျကျ အသစ်ပေါ်ထွန်းလာမယ့် ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ကို တာဝန်ပေးအပ်ဖို့ ဒါ ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။

နောက်တစ်ခါ စစ်ဆေးရေးလုပ်ငန်းတွေကို ဆောင်ရွက်ရမယ့် စစ်ဆေးရေးအရာရှိတွေက လည်း ဦးစီးအရာရှိနှင့်အထက် ဆိုတာထက် အင်မတန်မှ နက်နဲကျယ်ပြန့်ပြီးတော့ ဒါ တစ်ဦးနဲ့ တစ်ဦးနှင့် လည်း ပြိုင်ဆိုင်မှု ပြင်းထန်နိုင်တဲ့ လုပ်ငန်းရပ်တွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လက်ထောက် ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်ရှိတဲ့ ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးအပ်သင့်ကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ဗဟိုကော်မတီ ဖွဲ့စည်းခြင်းကို တင်ပြပါ့မယ်။ ဒုတိယသမ္မတ တစ်ဦးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက အဖွဲ့ဝင်၊ နောက်တစ်ခါ အခြားဝန်ကြီးဌာနတွေက ဒုတိယဝန်ကြီး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့ ဖြစ်ပါတယ်။ ဆိုလိုတဲ့ သဘောကတော့ ကျွန်တော်တို့ဟာ စာပေနှင့်အနုပညာ မူပိုင်ခွင့် လုပ်ငန်းများမှာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့သာ တိုက်ရိုက် သက်ဆိုင်ပေမယ့် သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာနနဲ့လည်း နှီးနွှယ်နေတဲ့လုပ်ငန်းရပ်များ ရှိပါတယ်။ နောက် ဒီအဖွဲ့မှာ ဒီဗဟိုကော်မတီမှာ (၄)ဦးထက်မပိုတဲ့ မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာပညာရှင်များ ပါဝင်ဖို့ လိုပါတယ်။ (၂)ဦးထက်မပိုတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ ပါဝင်ဖို့ လိုပါတယ်။ မူပိုင်ခွင့်နဲ့ နည်းပညာဆိုင်ရာ အေဂျင်စီ ဥက္ကဋ္ဌကိုတော့ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ပြီးတော့ ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ကိုတော့ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန် ပေးအပ်သင့်ပါတယ်။

ဆက်လက်ပြီးတော့ အေဂျင်စီဖွဲ့စည်းခြင်းကို တင်ပြပါ့မယ်။ နိုင်ငံတော်သမ္မတက တာဝန် ပေးအပ်တဲ့ ပညာရှင်တစ်ဦးကို ဥက္ကဋ္ဌ အဖြစ် တာဝန်ယူစေမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက အေဂျင်စီနဲ့ သက်ဆိုင်တဲ့ ညွှန်ကြားရေးမှူးချုပ်တွေဟာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး (၈)ဦးထက်မပိုတဲ့ မူပိုင်ခွင့်နဲ့ နည်းပညာဆိုင်ရာ ပညာရှင်များဟာ အဖွဲ့ဝင်အဖြစ် ပါဝင်စေမှာ ဖြစ်ပါတယ်။ (၅)ဦးထက်မပိုတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တွေက အဖွဲ့ဝင်

အဖြစ် ပါဝင်မှာဖြစ်ပါတယ်။ ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး ဖြစ်ပြီးတော့ ဦးစီးဌာနရဲ့ ဌာနခွဲ တာဝန်ခံများ၊ မူပိုင်ခွင့် တစ်မျိုးချင်းစီအလိုက် ဌာနခွဲများ ရှိပါလိမ့်မယ်။ ဒီဌာနခွဲ တာဝန်ခံများဟာ တွဲဖက်အတွင်းရေးမှူးများ အဖြစ် တာဝန်ယူဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ SME တည်ဆဲ SME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမှာ ကျွန်တော်တို့ ပြဋ္ဌာန်းပေးခဲ့တဲ့အတိုင်းပါပဲ။ ဥပဒေ အရ အေဂျင်စီရဲ့ ဥက္ကဋ္ဌ ဟာ ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်လို့ သတ်မှတ် တာဝန်ပေးအပ်ဖို့ ဖြစ်ပါတယ်။

ဒီလို ပြောင်းလဲပြင်ဆင်လိုက်တဲ့အခါမှာ ဖွဲ့စည်းပုံကို တင်ပြပါ့မယ်။ ဗဟိုကော်မတီ ရှိပါမယ်။ ဗဟိုကော်မတီရဲ့ အောက်မှာ မူပိုင်ခွင့်လုပ်ငန်းတွေကို စုစည်းဆောင်ရွက်ပေးမယ့် အေဂျင်စီ ရှိပါမယ်။ အဲဒီအောက်မှာမှ လုပ်ငန်းကို တာဝန်ယူ အကောင်အထည်ဖော်မယ့် ဦးစီးဌာန ရှိပါမယ်။ ဦးစီးဌာန အောက်မှာတော့ မူပိုင်ခွင့် ဌာနခွဲတွေ ရှိမှာဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ တရားစီရင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ပြင်ဆင်ခဲ့တဲ့အပိုင်းဖြစ်ပါတယ်။ လွှတ်တော်ကို တင်သွင်းခဲ့တဲ့ မူလအဆိုပြုချက်မှာတော့ တရားရုံးလို့ပဲ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီဥပဒေအရ နောက်ပိုင်းမှာဆိုရင် ကျွန်တော်တို့က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် တရားရုံးတွေ တည်ထောင်ဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အခွင့်အာဏာ အပ်နှင်းထားပါတယ်။ ဒီအတွက် ပြစ်မှုဆိုင်ရာ ဒါမှမဟုတ်လည်း တခြား တရားမကြောင်းဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်ဆောင်ရွက်တဲ့ အခြားတရားရုံးတွေနဲ့ ကွဲပြားမှုရှိစေဖို့အတွက် မူပိုင်ခွင့် တရားရုံးလို့ ပြင်ဆင်ဖို့အတွက် ဒါ တင်ပြအပ်ပါတယ်။ ဒီလို ဖွဲ့စည်းခဲ့တဲ့ တရားရုံးတွေ၊ နောက်တစ်ခါ အေဂျင်စီ၊ ဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့အတွက်လည်း အထွေထွေအပိုင်းမှာလည်း ပြင်ဆင်မှုတွေ ရှိဖို့ လိုအပ်ပါတယ်။

တင်ပြပါ့မယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးဌာနဟာ ဗဟိုကော်မတီရဲ့ အေဂျင်စီရဲ့ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမယ့်အပြင် ကုန်ကျစရိတ်များကို ကျခံရမယ်။ နောက်တစ်ခါ နိုင်ငံ့ဝန်ထမ်း မဟုတ်တဲ့ ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့ရဲ့ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။ ဤဥပဒေပါ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ရဲ့ရာထူးသက်တမ်းဟာ သာမန်အားဖြင့် နိုင်ငံတော်သမ္မတရဲ့ ရာထူးသက်တမ်းအတိုင်းဖြစ်ဖို့ ဖြစ်ပါတယ်။ ဝန်ကြီးဌာနဟာ အေဂျင်စီရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနဲ့ ၎င်းရဲ့ မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ဖို့လည်း ဥပဒေပါပြဋ္ဌာန်းချက်များ ထည့်သွင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ SME ဥပဒေအတိုင်းပဲ ဖြစ်ပါတယ်။

ဒီဥပဒေရဲ့ အရေးကြီးတဲ့ အချက်ကလေးကိုလည်း ဆက်လက်ပြီးတော့ တင်ပြပါ့မယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးတို့အတွက် အရေးကြီးတဲ့ ဥပဒေတွေကို ကျွန်တော်တို့ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းမှာ ဥပဒေနှစ်ရပ် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒါကတော့ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်ကို ပေါင်းစည်းပြီးတော့ တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှု ဥပဒေအဖြစ် ကျွန်တော်တို့လွှတ်တော်များက ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ နောက် ပြီးခဲ့တဲ့ လတ်တလောကပဲ ပြဋ္ဌာန်းပေးခဲ့တဲ့ ကုမ္ပဏီများဥပဒေ

ဖြစ်ပါတယ်။ အဲဒီတော့ ဒီ မူပိုင်ခွင့် ဥပဒေများဟာလည်း နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အင်မတန်မှ အရေးကြီးတဲ့ ဥပဒေများ ဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်များက ဆက်လက် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ် ဆိုတာကို လေးစားစွာတင်ပြအပ်ပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်အနေနဲ့ကတော့ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပညာရှင်များ၊ ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များအသီးသီးနဲ့ အသေးစိတ်ညှိနှိုင်းရေးဆွဲပြီးတော့ တင်ပြထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဥပဒေကြမ်းတစ်ရပ်ချင်းစီအလိုက် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၁-၂၀၁၈ (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ် တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ / ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်း ပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills-Reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းထားတဲ့ မြန်မာနိုင်ငံတွင်

သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ၊ ကျောင်းသား အများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်သည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ် ဘာသာဖြင့် အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာရေးသား ပြောဆိုဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့် လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills — Reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ မြန်မာနိုင်ငံအတွင်းရှိ ကျောင်းတွေ ရဲ့ အင်္ဂလိပ်စာ သင်ကြားရေးအတွက် စွမ်းရည် (၄)မျိုး ပြုပြင်ပြောင်းလဲ သင်ကြားရေး အဆိုကို ထောက်ခံဆွေးနွေး အကြံပေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဘာသာမျိုးခြား စာ၊ စကားကို ယနေ့ခေတ်လို ရွာ၊ ကမ္ဘာကြီး တည်ဆောက်နေတဲ့အချိန်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သံခင်း၊ တမန်ခင်း ကိစ္စတွေ ကူးလူး ဆက်ဆံပြီး လူမှုစီးပွားရေး ထွန်းကားအောင် အပြန်အလှန်အကျိုးပြု ဆောင်ရွက်ကြတဲ့အခါ သူ့စကား၊ ကိုယ့်စကား နားလည်သိရှိခြင်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အရပ်ရပ်မှာ ခရီး ပေါက်ရောက်အောင်မြင်မှုတွေ ရရှိနေတာတွေ့ကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပထဝီနိုင်ငံရေးအရ အင်္ဂလိပ်ကိုလိုနီလက်အောက်ခံ မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝ ရောက်ခဲ့တဲ့ အချိန်မှစပြီး အင်္ဂလိပ် စကားကို ကြိုးစားအားထုတ်သင်ယူခဲ့ကြတာဖြစ်ပါတယ်။ ထိုစဉ်ကတည်းက အင်္ဂလိပ်စာလေ့လာ ဆည်းပူးခြင်းက အင်္ဂလိပ်ကိုလိုနီနယ်မြေများ ဖြစ်တဲ့အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့မှာ မသင်မနေရ ရုံးသုံး၊ ကျောင်းသုံး အထူးပြုနိုင်ငံခြားဘာသာသင်ယူခြင်းစနစ်ကို စတင်ခဲ့တာ ယနေ့တိုင် အသုံးချ ဘာသာ အဖြစ် သင်ရိုးဘာသာတစ်ရပ်ဖြစ်လာခဲ့ပါတယ်။

အင်္ဂလိပ်စာသင်ကြားရေးအထောက်အထားကို အနေအထားကို ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝ ၁၉၅၉ - ၁၉၆၀ - ၁၉၆၁ - ၁၉၆၂ ကာလအများဆီက အခြေအနေကို တင်ပြလိုပါတယ်။ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းတွေမှာ High School English Grammer အိန္ဒိယနိုင်ငံထုတ် အနီစာအုပ်ကြီး H.Martin နဲ့ အခြားသူတစ်ဦးရေးသားပြုစုပြီး ဆရာကိုင်စာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ Grammer သဒ္ဒါပိုင်း၊ စာကြောင်းပြုစုခြင်း Sentences Construction၊ Syntax ဝါကျအနေအထား တည်ဆောက်ခြင်း၊ ဒီနေရာမှာ သဒ္ဒါအသံထွက်အရ ဝါကျလို့မခေါ်ဘဲ ဝက်ကျလို့ဖတ်ရမှာဖြစ်ပါတယ်။ Essay နှင့် စာရေးနည်း Essay and Letter Writing တို့ပါဝင်မှာဖြစ်ပါတယ်။ မြန်မာ့ဆိုမှုထုံးတမ်းစကားမှာ သဒ္ဒါမတတ်၊ စာမတတ် ဆိုတဲ့အတွက် ဝါစင်္ဂ (၈)ပါး တတ်မြောက်ဖို့ အင်္ဂလိပ်ရော မြန်မာမှာပါ သဒ္ဒါအရေးကြီးလှပါတယ်။ ဝါစင်္ဂ (၈)ပါးဆိုတာ Noun နာမ်၊ Pronoun နာမ်စား၊ Verb ကြိယာ၊ Adverb ကြိယာဝိသေသန၊ နာမဝိသေသန Adjective၊ သမ္ဗန္ဓ Conjunction၊ ဝိဘတ် Preposition၊ အာမေဍိတ် Interjection တို့ဖြစ်ပါတယ်။ သတ္တမတန်းရောက်တဲ့အခါ သဒ္ဒါကျေပြီးသားဖြစ်လို့ Simple Essay တွေ အလွယ်တကူရေးသားနိုင်ကြပါတယ်။

ဒီလို Letter Writing ကို အလယ်တန်းမှာကတည်းက ပိုင်ပိုင်နိုင်နိုင်ရေးနိုင်ကြပါတယ်။ မိမိရေးတဲ့ Simple Essay ကို အခေါက်ခေါက်အခါခါဖတ်ပြီး စာမေးပွဲမှာ အလွတ်ကျက်စရာမလိုဘဲ ဖြေနိုင်ရေးနိုင်ကြပါတယ်။ ကျွန်တော်တို့ခေတ်မှာ ရန်ကုန်နှင့် မန္တလေးမှာ အလွတ်ပညာသင်ကျောင်းတွေရှိပေမယ့် နယ်မြို့တွေမှာ လုံးဝမရှိပါ။ ကျူရှင်ကျောင်းတွေလည်း လုံးဝမရှိခဲ့ပါ။ စနစ်တကျကျောင်းတွေမှာ အင်္ဂလိပ်စာသင်ကြားခြင်းရဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ခံစားခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဆွေးနွေး အကြံပေးခြင်းအနေနဲ့ တရုတ်ပြည်သို့ ပညာတော်သင်သွားရောက်ခဲ့စဉ်က တရုတ်ဘာသာစကားစာပေ သင်ကြားခဲ့တဲ့အတွေ့အကြုံကို မြန်မာနိုင်ငံ အင်္ဂလိပ်စာ 4 Skills အတွက် အထောက်အကူရစေဖို့ ဆွေးနွေးခွင့် တောင်းခံအပ်ပါတယ်။ တရုတ်ပြည်ရောက် ပညာတော်သင်အားလုံး တရုတ်စာကို မသင်မနေရ သင်ကြားကြရပါတယ်။ အင်္ဂလိပ်စာကို ရုံးသုံးဘာသာစကားအဖြစ် အသုံးမပြုပါ။ တရုတ်ကျောင်းများတွင်လည်း အင်္ဂလိပ်ဘာသာရပ် သင်ကြားမပေးဘဲ သီးခြားဘာသာခြားစကားတက္ကသိုလ် Languages Institute တက္ကသိုလ်ကျောင်းများဖွင့်လှစ်ပေးထားပြီး လက်ရွေးစင်ရွေးချယ်ပြီးမှ ဘာသာခြားစကားကို သီးခြားသင်ကြားစေပါတယ်။ အဲဒီ ဘာသာရပ်တွေထဲမှာ ကုလသမဂ္ဂအဖွဲ့အစည်းကြီး UN မှာပြဋ္ဌာန်းတဲ့ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ရုရှားနဲ့အခြား ကိုရီးယား၊ ဂျပန်၊ ဂျာမန်၊ အီတလီနဲ့ အာဆီယံနိုင်ငံကဘာသာရပ်များ African Common Languages တို့ကို စနစ်တကျပို့ချပေးခဲ့ပါတယ်။

ကျွန်တော်တို့ တရုတ်ဘာသာစကား သင်ကြားနေချိန်မှာ တစ်နှစ်အတွင်း (၈)လခန့် အကြာမှာခက်ခဲတဲ့တရုတ်ဘာသာစကားကို စတင်ပြောဆိုနိုင်ပြီဖြစ်ပါတယ်။ စာသင်ချိန်တစ်နေ့ (၄)နာရီ၊ (၈)လအကြာမှာ တရုတ်ဝေါဟာရ (၁၃၀၀၀)က (၁၅၀၀၀)ကြားမှာ သိရှိနေပြီဖြစ်ပါတယ်။ တရုတ်စကားတတ်ကျွမ်းနေပြီလို့ ပြောဆိုနိုင်ပါတယ်။ သင်ကြားပို့ချသူ ဆရာ၊ ဆရာမများ လုံးဝ အင်္ဂလိပ်စကားမပြောဆိုတတ်ကြပါ။ ကျွန်တော်တို့အချင်းချင်းလည်း အင်္ဂလိပ်လို လုံးဝပြောဆိုခွင့်မပြုဘဲ တရုတ်လိုသာပြောဆိုကြရပါတယ်။ မြန်မာနိုင်ငံမှာ အင်္ဂလိပ်ဘာသာရပ် စာသင်ချိန် နည်းပါးလှတာတွေ့ရပါတယ်။

တရုတ်ပြည်မှာရှိစဉ် ညနေပိုင်းမှာ ရုပ်ရှင်ခန်းမနှင့် စကားပြောလေ့ကျင့်ခန်းမများဆီ သွားရောက်ပြီး စကားပြောလေ့ကျင့်ခြင်းနှင့်နားထောင်ခြင်းတွေကို လေ့ကျင့်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက အင်္ဂလိပ်စာသင်ကြားရေးအတွက် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်တဲ့ English Major ဆရာ၊ ဆရာမများ ဖြစ်သင့်ပြီး ကျွမ်းကျင်သူ ဆရာ၊ ဆရာမများ ပို့ချမှသာ ကျွမ်းကျင်တဲ့ ကျောင်းသား၊ ကျောင်းသူများရရှိမှာ ဖြစ်ပါတယ်။ အိန္ဒိယနှင့်တရုတ်ပြည်တို့က ပြောင်းရွှေ့လာကြတဲ့ အမိအဖတွေက မြန်မာစကား အသံမပီမသ ပြောဆိုကြပေမယ့် သားသမီးများကတော့ စနစ်တကျ မြန်မာစာသင်ကျောင်းမှာ တတ်ရောက် သင်ကြားပြီး မြန်မာစကားပြောဆိုတတ်ခြင်းဟာ စနစ်တကျ သင်ကြားပို့ချခြင်းရဲ့ ရလဒ်ကောင်းများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)က ဒေါ်ထုမေ တင်သွင်းတဲ့အဆိုကို ကျွန်တော်ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒေါ်ထုမေ ရဲ့အဆိုမှာ အဆိုရှင်ရဲ့စေတနာကို အများကြီး မြင်တွေ့ရပါတယ်။ ကျွန်တော်တို့ အဋ္ဌမတန်းကနေပြီးတော့ ကျွန်တော်တို့ (၉)တန်း၊ (၁၀)တန်းအထိပေါ့။ အဲ့ဒီလို အတိုင်းအတာတစ်ခုအထိ အင်္ဂလိပ်စာကို ထိရောက်စွာ ရေးသား၊ ပြောဆို၊ ဆက်သွယ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ တင်သွင်းပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က အထက်တန်းကနေပြီး ခါးဖြတ်ပြီးတော့လုပ်လို့မရဘဲနဲ့ အလယ်တန်းတွေ၊ မူလတန်းတွေကလည်းပဲ ကျွန်တော်တို့ ဘယ်အတိုင်းအတာအထိ တတ်မြောက်သင့်တယ်ဆိုတဲ့ အတိုင်းအတာမျိုး ရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်းပဲ ၁၉၈၅-၁၉၈၆ ခုနှစ်လောက်ကစပြီး သူငယ်တန်းကနေ အင်္ဂလိပ်စာသင်ရမယ် ဆိုတဲ့ဆုံးဖြတ်ချက်တစ်ခု ရှိလာပါတယ်။

အဲဒီဆုံးဖြတ်ချက်ဟာ အင်မတန်မှ မိုက်မဲတဲ့ဆုံးဖြတ်ချက်လို့ ကျွန်တော့်ကို တက္ကသိုလ်ဆရာကြီး တစ်ယောက်က ပြောဖူးပါတယ်။ ဒီဟာမှန်သလား။ မှားသလားဆိုတာ အခု နှစ်(၃၀)ကျော်တဲ့အထိ ပြန်လည်သုံးသပ်ချိန် မရှိသေးဘူးလို့ ကျွန်တော်တို့ အမျိုးသား၊ ပညာရေးမူဝါဒ ကော်မရှင်ကလည်းပဲ ပြောထားတာရှိပါတယ်။ ကျွန်တော်တို့ သူငယ်တန်းမှာသင်တာဟာ ကျွန်တော်တို့ အခြားသော ဥရောပနိုင်ငံတွေမှာ အင်္ဂလိပ်စာကို ကျောင်းသားအသက် (၈)နှစ်ရောက်တဲ့အထိ မသင်ပေးပါဘူး။ မိခင်ဘာသာစကားတောင် ကောင်းကောင်းမပြောတတ်သေးတဲ့အချိန်၊ မရေးတတ်သေးတဲ့အချိန်မှာ

အခြားဘာသာစကားကိုသင်ရင် ကျောင်းသားကို နှိပ်စက်တာနဲ့တူတယ်လို့ ပြောပါတယ်။ ဒါကြောင့် မို့လို့ အသက်(၈)နှစ် ဒုတိယတန်းလောက်ရောက်မှ အင်္ဂလိပ်စာကို သင်ကြားတာ ရှိပါတယ်။

ကျွန်တော်တို့ ခေတ်ကတော့ (၅)တန်းရောက်မှ A, B, C ကို သင်ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သင်ကြားပုံနည်းစနစ်တွေကလည်းပဲ ကျွန်တော်တို့ ပထမတန်းမှာသင်တဲ့ သူငယ်တန်း မှာသင်တဲ့ အင်္ဂလိပ်စာရှိပါတယ်။ ဘောလုံးလေးတစ်လုံးရေးဆွဲပြထားတယ်။ Ball လို့ ရေးထားတယ်။ အဲဒီမှာ ဆရာ၊ ဆရာမတွေကို အဲဒီစာအုပ်ရဲ့ရှေ့မှာ ညွှန်ကြားထားတာက စာလုံးပေါင်း မသင်ရဘူးလို့ ကလေးတွေကို မသင်ရဘူးလို့ ညွှန်ကြားထားပေမယ့် ဆရာ၊ ဆရာမတွေက Ball ဆိုပြီးတော့ ကလေး တွေကို စာလုံးပေါင်းကျက်ခိုင်းနေတာဟာ မှားယွင်းတဲ့ သင်ကြားနည်းစနစ်ဖြစ်တယ် ဆိုတာကိုလည်း ဒါ အားလုံး သိရှိဖို့လိုပါတယ်။

အဓိကအားဖြင့်ကတော့ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနက ဆရာတွေဟာ ညွှန်ကြားချက်ကို မလိုက်နာတာဟာ ဘာ့ကြောင့်လဲဆိုတာကို လေ့လာသုံးသပ်ပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေလုပ်သင့်ပါတယ်။ ကျွန်တော်တို့ အင်္ဂလိပ်စကားပြောချင်တယ်။ အင်္ဂလိပ်စကား ပြောချင်တယ်။ တတ်ချင်တယ်ဆိုရင် အင်္ဂလိပ်စကားပြောမှ ရမယ်။ အင်္ဂလိပ်စကားမပြောဘဲနဲ့ အင်္ဂလိပ်စကား မတတ်နိုင်ဘူး။ ကျွန်တော်တို့ ၂တန်း ၃တန်းလောက်ဆိုရင်လည်းပဲ My name is Aye Aye တို့ My name is Maung Maung. တို့ဆိုတာ ကျောင်းသားနဲ့ကျောင်းသူကို ရှေ့ ဆွဲထုတ် ပြီးတော့ ကိုယ့်ရဲ့နာမည်အရင်းကိုပြော Aye Aye ချည်းပဲ လုပ်မနေကြနဲ့။ Maung Maung ချည်းပဲ လုပ်မနေကြနဲ့။ My father name is U Ba. U Ba မှာ သားသမီးတွေ (၄၀)ကျော်လောက်ရှိနေတယ်။ အဲ U Ba မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့ အဖေအရင်းနာမည်ကို ပြောတတ်အောင် ရှေ့ဆွဲထုတ်ပြီးတော့ ကလေး တွေကို လေ့ကျင့်သင်ကြားပေးသင့်တယ်။

အဲဒီလို မူလတန်းမှာ ဆရာ၊ ဆရာမတွေကလည်းပြော ဒီကိုလာပါ။ ဟိုသွားပါ။ ရေတစ်ခွက် ခပ်ပေးခဲ့ပါ စသဖြင့် အင်္ဂလိပ်လို ဆရာ၊ ဆရာမတွေကလည်းပြောရမယ်။ အဲဒါမှ မူလတန်းအဆင့်မှာ မှားတာတွေဟာ အလယ်တန်းရောက်ရင် သိသွားလိမ့်မယ်။ အလယ်တန်းအဆင့်မှာ မှားတာတွေဟာ အထက်တန်းရောက်တဲ့အခါကျရင် သိသွားပါလိမ့်မယ်။ ကျွန်တော်တို့ ရေကူးတတ်ချင်တယ်ဆိုရင်တော့ စာအုပ်ကိုဖတ်နေရုံနဲ့မတတ်ဘဲ ရေကန်ထဲဆင်းပြီးတော့ ရေကူးမှ ကျွန်တော်တို့ ရေကူးတတ်ပါလိမ့် မယ်လို့ အင်္ဂလိပ်စာဆရာကြီးတွေက သင်ကြားပြသပေးတာ ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အင်္ဂလိပ်စာကို သင်နေတဲ့ (၄၅)မိနစ်အချိန် တစ်ချိန်အတွင်း မှာ (၁၀)မိနစ်၊ (၁၅)မိနစ်လောက် ဆရာတွေကနေပြီးတော့ ကျောင်းသားတွေကို အင်္ဂလိပ်လို ပြောဆို သင်ကြားပေးမယ်ဆိုရင်တော့ ရလာပါလိမ့်မယ်။ ကျွန်တော်တို့ Native Speaker ဆိုတာတွေကို လွမ်းမနေပါနဲ့။ အင်္ဂလိပ်တစ်ယောက်လို အင်္ဂလိပ်စကားကို ပြောနိုင်ချင်တယ် ဆိုရင်တော့ အင်္ဂလန်မှာ သွားနေဖို့ ကလွဲပြီး ဘာမှမရှိပါဘူး။ ကျွန်တော်တို့ Native Speaker မရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အနီးဆုံး အိန္ဒိယနိုင်ငံကိုသွားကြည့်ပါ။ အိန္ဒိယနိုင်ငံဟာ အင်္ဂလိပ်စာကိုရေးတာ ဝေဝေဆာဆာ ရေးနိုင် ကြပါတယ်။ ဝေဝေဆာဆာ ပြောနိုင်ကြပါတယ်။

ကမ္ဘာကျော်တဲ့ အင်္ဂလိပ်လိုရေးတဲ့ စာရေးဆရာကြီးတွေ ရှိပါတယ်။ ဒါပေမဲ့ သူတို့ Native Speaker နဲ့မသင်ပါဘူး။ ကျွန်တော်တို့ အိန္ဒိယက ပြောတဲ့ အင်္ဂလိပ်စာမှာ လျှာလိပ်သံတွေ ပါနေပေမယ့် ကျွန်တော်တို့ ပြောတာများလာရင် ကျွန်တော်တို့ နားထောင်တာများလာရင် နားလည်သွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ Native Speaker တွေကို လွမ်းမနေဘဲနဲ့ ကျွန်တော်တို့ မြန်မာဆရာတွေကလည်းပဲ အင်္ဂလိပ်စာ ကျောင်းသားတွေကို တတ်နိုင်သမျှ အတန်းထဲမှာ ပြောပေးတယ်ဆိုရင် အင်္ဂလိပ်စာပြောဆိုနိုင်တဲ့ အင်္ဂလိပ်စာနားထောင်နိုင်တဲ့စွမ်းရည်တွေဟာ အလိုလို တိုးတက်လာမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နောက် အင်္ဂလိပ်စာ ရေးတာဖတ်တာတောင်မှ ကျွန်တော်တို့ အဓိကထားသင်ပေမယ့် မတတ်ဘူးလို့ အဆိုရှင်ကဆိုပါတယ်။ မှန်ပါတယ်။

ကျွန်တော်တို့ အင်္ဂလိပ်စာ သင်မယ်ဆိုရင် အင်္ဂလိပ်စာကို သူ့အဆင့်နဲ့အဆင့် Grammer သင်ကြားပေးဖို့လိုပါလိမ့်မယ်။ Active နဲ့ Passive။ ဘယ်အချိန်မှာ Active ကိုသုံးမှာလဲ။ ဘယ်အချိန်မှာ Passiveကိုသုံးမလဲ ဆိုတဲ့ ရည်ရွယ်ချက်တွေ ရှိပါတယ်။ အဲဒီရည်ရွယ်ချက်တွေ ပေါက်မြောက်အောင် ကျောင်းသားတွေကို သင်ပေးနိုင်ဖို့ လိုပါတယ်။စာကြောင်းတစ်ကြောင်းကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် (၃)မျိုးတောင်မှ မရေးတတ်တဲ့ ကျောင်းသားတစ်ယောက် ဘယ်လိုလုပ်ပြီးတော့ Essay, Letter ရေးတတ်မှာလဲ။ ဒါတွေဟာ ကျွန်တော်တို့ လက်တွေ့ဘဝနဲ့ ကင်းကွာနေတဲ့အနေအထားမျိုးတွေကို ကျွန်တော်တို့ ရဲရဲတင်းတင်း ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ဖို့ လိုပါတယ်။

ကျွန်တော်တို့ဟာ Essay, Letter တွေကို ကျက်ပြီး ဖြေနေရတာထက်စာရင် စု၊ တု၊ ပြု ဆိုတဲ့ကျွန်တော်တို့ များများဖတ်ရမယ်။ များများ မှတ်ရမယ်။ များများရေးရမယ်။ ဥပမာဆိုပါစို့။ ငွေရှာရတာခက်တယ်ဆိုတဲ့ စကားလုံးကို ဘယ်လိုပြောကြမလဲလို့ ကျောင်းသားတွေကို မေးလိုက်ရင် ကျောင်းသားတွေ၊ တက္ကသိုလ်ကျောင်းသားတွေလည်း မဖြေနိုင်ပါဘူး။ ဆရာမကြီး ဒေါ်ခင်မျိုးချစ် က ပြောထားပါတယ်။ Money is hard to come by. ငွေရှာရတာခက်တယ်ဆိုတဲ့ စာကြောင်းမျိုးတွေကိုကျတော့ အလွတ်ကျက်သင့်ပါတယ်လို့ ဆရာမကြီး ဒေါ်ခင်မျိုးချစ် က ပြောထားတာ ရှိပါတယ်။ အဲဆရာမကြီးဒေါ်ခင်မျိုးချစ် က ဘာပြောလဲဆိုတော့ အင်္ဂလိပ်စာ တတ်တဲ့နည်းတော့ မသိဘူး။ မတတ်တဲ့နည်းကတော့ ကျွန်မ သင်ကြားပေးနိုင်တယ်။ စာပိုဒ်တွေကို အလွတ်ကျက်။ ဒါမေး။ ဒါဖြေ။ ဒါဆိုရင်တော့ ကျောင်းသားတွေ ဘာအင်္ဂလိပ်စာမှ တတ်မှာမဟုတ်ဘူးလို့ ဆရာမကြီး ဒေါ်ခင်မျိုးချစ် က ပြောထားပါတယ်။ ဆရာမကြီးဒေါ်ခင်မျိုးချစ် ရေးတဲ့ Colourful Myanmar ဆိုတာကို ဖတ်ကြည့်ကြရင်တော့ ကျွန်တော်တို့ အဲဒီအကြောင်းတွေ ပိုပြီးတော့ သိပါလိမ့်မယ်။

ကျွန်တော်တို့ အင်္ဂလိပ်စာဟာ ကျွန်တော်တို့ အဲဒီမှာ Speaking, Listening တွေဟာ ဒါ အလေ့အကျင့်တွေ များများယူဖို့လိုပါတယ်။ အဲဒါတွေ အလေ့အကျင့်မရှိဘဲနဲ့ ကျွန်တော်တို့ Speaking, Reading, Writing ဘာမှမရပါဘူး။ Reading လို့ ပြောလိုက်ရင် ကျွန်တော်တို့ Comprehension ပါ ဖတ်ပြီးတော့ နားလည်နိုင်တယ်။ နားလည်တာကို ကျွန်တော်တို့ သိတဲ့၊ တတ်တဲ့ ၏၊ သည် မရွေး မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့အသိဉာဏ်နဲ့ ပြန်ပြီးတော့ ပြောဆိုနိုင်တဲ့ အရည်အချင်းမျိုးရှိအောင် လေ့ကျင့်ပေးရပါမယ်။ သင်ထောက်ကူပစ္စည်းတွေ လိုပါတယ်။ ကျွန်တော်တို့ တက္ကသိုလ် ပထမနှစ် ရောက်တဲ့ အချိန်မှာ အင်္ဂလိပ်စာတတ်ချင်လွန်းလို့ အင်္ဂလိပ် သတင်းစာတွေဖတ်တယ်။ The Guardian, The New Light Of Myanmar ဖတ်တယ်။

နောက်တော့ အဲဒီထဲမှာကိုက ကျွန်တော်တို့ မှားတဲ့စာကြောင်းတွေ အရေးအသားတွေ ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ ဟောဒီ ဘာသာပြန်ရည်ညွှန်းစာအုပ်ကြီးကို ဖတ်လိုက်မှပဲ ကျွန်တော်တို့ သိပါတယ်။ မှားမှာကို မကြောက်ပါနဲ့။ မရှက်ပါနဲ့။ ပြောပါ။ ဆိုပါ။ ရေးသားပါ။ ခွင့်တိုင်တာကအစ (၁၀)တန်းရောက်ပြီဆိုရင် အင်္ဂလိပ်လိုခွင့်တိုင်တဲ့စာလေးတွေ ဆရာ၊ ဆရာမတွေက ရေးပြပါ။ ကျောင်းသားတွေက အင်္ဂလိပ်လို ခွင့်တိုင်ပါ။ အဆောင်မှာနေတဲ့ ကျောင်းသားတွေဆိုရင်လည်းပဲ ငါ့ရဲ့နာရီလေး ရေချိုးခန်းထဲမှာ ပျောက်သွားခဲ့တယ်။ နာရီလေးတွေ့ရင် ငါ့ရဲ့အဆောင် နံပါတ် ဘယ်လောက်ကို ပြန်ပို့ပေးပါဆိုတဲ့ အင်္ဂလိပ်စာ အတိုအထွာလေးတွေကို ရေးတတ်အောင် လေ့ကျင့်ပေးပြီးတော့ လက်တွေ့အသုံးချခြင်းအားဖြင့်သာလျှင် ကျွန်တော်တို့ အင်္ဂလိပ်စာတတ်လာပါလိမ့်မယ်။ ကျွန်တော်က (၁၀)တန်းကျောင်းသားတွေကို (၂၁)နှစ်ကြာ အင်္ဂလိပ်စာ သင်ကြားပေးတဲ့ အတွေ့အကြုံနဲ့ ပြောတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၃။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံး မင်္ဂလာပါ လို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ၊ ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာနှင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာရေးသား ပြောဆိုဆက်သွယ်နိုင်ရန် အတွက် (Grade 9) အဋ္ဌမတန်းမှစ၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် (၄) မျိုး (4 skills — Reading, Writing, Speaking, Listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယနေ့ကမ္ဘာကြီးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ အဓိကတိုးတက်နေရတဲ့အကြောင်းဟာ ပညာနဲ့ ပတ်သက်လို့ ရှေ့တန်းရောက်နေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ယနေ့ခေတ်ဟာ Knowledge Age ဖြစ်ပါတယ်။ ပညာနောက်ကျကျန်ခဲ့လျှင် တိုင်းပြည်လည်း ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မည်မှာ အမှန်

ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အင်မတန် အရေးကြီးပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာဗဟုသုတသည် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ပညာဗဟုသုတများကို လေ့လာဆည်းပူးရန်အတွက် ကမ္ဘာသုံး ဘာသာရပ်ဖြစ်သော အင်္ဂလိပ်ဘာသာရပ်သည် မရှိမဖြစ်တတ်ထားရမယ့် အရာဖြစ်ပါတယ်။ ယနေ့ တိုင်းပြည်ရဲ့ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သော လူငယ်၊ လူရွယ်၊ လူလတ်နှင့် လူကြီးများ အင်္ဂလိပ်စာ တတ်ထားရန် အရေးကြီးပါတယ်။ အင်္ဂလိပ်စာတတ်ရန် 4 Skills ဟုခေါ်သော အရေး (Writing)၊ အဖတ် (Reading)၊ နားထောင်ခြင်း (Listening)နှင့် စကားပြောခြင်း (Speaking)တို့ကို အထူးကျွမ်းကျင်စွာ တတ်မြောက်ထားရန် လိုပါတယ်။

သို့မှသာ ကမ္ဘာ့နိုင်ငံအသီးသီးမှထုတ်ဝေသော စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အစရှိသည့် အကြောင်းအရာများကို သေသေချာချာ လေ့လာနိုင်မှာဖြစ်ပါတယ်။ ထိုအထဲမှာ မိမိတိုင်းပြည်နဲ့ ဆီလျော်မယ့် အကြောင်းချင်းရာများကို အသုံးချပြီး မိမိတိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည်တို့ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဆိုရှင် တင်ပြထားသလို ယခုအင်္ဂလိပ်စာကို သူငယ်တန်းမှအစ သင်ကြားသော်လည်း အထက်တန်း အောင်မြင်ပြီးသူများ 4 Skills ကျွမ်းကျင်မှုအင်အား အလွန်အားနည်းနေကြောင်း ထောက်ပြထားပါတယ်။ ထို့ပြင် အင်္ဂလိပ်စာကို (၈)တန်းမှစ၍ သင်ကြားစေလိုကြောင်း အဆိုရှင်က အကြံပြုထားပါတယ်။ မြန်မာစာမှလွဲ၍ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝဗေဒ ဘာသာရပ်များကို အင်္ဂလိပ်စာဖြင့် သင်ကြားနေကြရပါတယ်။

ယခုခေတ်ကျောင်းသားအများစုသည် သင်ကြားပြီးသော ဘာသာရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုစ္ဆာရဲ့သဘောထား၊ သီအိုရီရဲ့သဘော၊ သဘာဝတို့ကို ပြည့်စုံစွာ နားမလည်ဘဲ အလွတ်ကျက်၍ ၏၊ သည် မရွေး စာမေးပွဲဖြေဆို နေကြရပါတယ်။ သို့ပါ၍ စာတစ်လုံး၊ စာတစ်ပိုဒ် မေ့နေလျှင် စာတစ်ပုဒ်လုံး အဓိပ္ပာယ် မပြည့်စုံနိုင်တော့ပါ။ ထိုအခါ အမှတ်ပြည့် မရနိုင်တော့ပါ။ သို့ပါ၍ အင်္ဂလိပ်စာကို ယခင်ကကဲ့သို့ ပဉ္စမတန်း (Grade 6)မှ စတင်သင်ကြားသင့်ပါတယ်။ (၈)တန်းအောင်ပြီး (၉)တန်း တက်သောအခါ ဓာတု၊ ရူပ၊ သင်္ချာ၊ ဇီဝဗေဒ ဘာသာရပ်များကို ခက်ခဲသည့် အင်္ဂလိပ်စာလုံး၊ ဘာသာပြန်ရန်မလွယ်ကူသည့် စကားလုံးများမှလွဲ၍ မြန်မာဘာသာဖြင့် သင်ကြားသင့်ပါသည်။ မ.ဆ.လ ခေတ်တွင် ဖော်ပြပါအတိုင်း သင်ကြားဖူးပါတယ်။ အင်္ဂလိပ်စာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် အကြံဉာဏ်ပေးလိုပါသည်။

ပဉ္စမတန်း (Grade 6) မှစ၍ ဒသမတန်း (Grade 11) အထိ အထက်တန်းကျောင်းများရှိ စာကြည့်တိုက် များတွင်လည်း အဘိဓာန်(Dictionary)ကို အင်္ဂလိပ်မှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော အဘိဓာန်စာအုပ်များကို ကျောင်းသားဦးရေပေါ်မူတည်၍ လိုအပ်သလောက် ထားပေးသင့်ပါတယ်။ ပြင်ပမှထုတ်သော Meaning စာအုပ်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် အကန့်အသတ်နှင့်သာ အကျိုးရှိမှာ ဖြစ်ပါတယ်။ ထို့အပြင် ကျောင်းရှိ စာကြည့်တိုက်များတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသော လစဉ်ထုတ်

(English For All ၊ Best ၊ Light ၊ Top) မဂ္ဂဇင်းလိုမျိုး ထားပေးသင့်ပါတယ်။ အထွေထွေဗဟုသုတ ရရှိစေရုံသာမကဘဲ စာစီစာကုံး (Essay) ၊ (Letter Writing) ၊ မြန်မာစာရေးနည်း၊ ဘာသာပြန်နည်း၊ မြန်မာမှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာသို့ ပြန်ဆိုနည်းများကိုလည်း ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်ပါတယ်။ နေ့စဉ်ထုတ် အင်္ဂလိပ်သတင်းစာများကိုလည်း စာကြည့်တိုက်တွင် ထားပေးသင့်ပါတယ်။ ကျောင်းများရှိ ကွန်ပျူတာများကို အလှပြ Forshow ထားမယ့်အစား အင်တာနက်နှင့် ချိတ်ဆက်၍ Online မှ အင်္ဂလိပ်စာ 4 skills ကိုလည်း သင်ယူစေချင်ပါတယ်။ ယင်းအင်္ဂလိပ်စာသင်ခန်းစာများတွင် အခြေခံ Elementary မှ အဆင့်မြင့် Advanced Level အထိ မိမိကြိုက်နှစ်သက်သော ကဏ္ဍကို သင်ယူနိုင်ရန် စီစဉ်ပေးသင့်ပါတယ်။

အင်္ဂလိပ်စာသင်ကြားမည့် ဆရာ၊ ဆရာမများကိုလည်း အင်္ဂလိပ်လူမျိုး ဆရာ၊ ဆရာမများနှင့် သင်တန်း Training ပေးပြီးမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးသင့်ပါတယ်။ အထက်တန်း အောင်မြင်ပြီးပါက အချိန်ရလျှင်၊ ငွေကြေးတတ်နိုင်လျှင် BC လို့ခေါ်တဲ့ British Council ၊ AC လို့ခေါ်တဲ့ American Centre တို့တွင် နိုင်ငံခြားသားများကိုယ်တိုင် သင်ကြားပေးသည့် သင်တန်းများသို့လည်း တက်ရောက်သင့်ပါတယ်။ အင်္ဂလိပ်စကားပြော မြန်မာစာတန်းထိုး ရုပ်ရှင်ကားများကိုလည်း ကျောင်းသား၊ ကျောင်းသူများအား တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ပြသင့်ပါတယ်။ ငွေကြေးတတ်နိုင်သူ ကျောင်းသားများအတွက် အိမ်နေရင်း အားလပ်ချိန်များတွင် အင်္ဂလိပ်စကားပြော မြန်မာစာတန်းထိုး ရုပ်ရှင်ကားများကို ကြည့်ရင်း လေ့ကျင့်ကြရန် တိုက်တွန်းအပ်ပါတယ်။

သို့ပါ၍ နောင်လာမယ့် လူငယ်မျိုးဆက်သစ်များ အင်္ဂလိပ်စာစွမ်းအင် 4 skills မြင့်မားလာစေရန် အပြောနဲ့မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြပြီး သူတို့သင်ယူနိုင်မယ့် ရေခံမြေခံကောင်းများကို ဖန်တီး ပေးထားရမှာဖြစ်ပါတယ်။ အထက်ဖော်ပြပါ အကြံပြုချက်များသည် ကျောင်းသားလူငယ်များ အင်္ဂလိပ်စာ စွမ်းအင် 4 skills ကျွမ်းကျင်စေရန် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမည့် အကြံပြုချက်များ ဖြစ်ပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ အဆိုအား အကြံပြုထောက်ခံ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော့်

အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က ဒေါ်ထုမေ ရဲ့ အဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်က အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်မှာ ကျောင်းသူ၊ ကျောင်းသား အများစုရဲ့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အင်္ဂလိပ်စာကို မသင်မနေရဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားခဲ့ပြီး ဘာကြောင့် အင်္ဂလိပ်စာ ညံ့နေကြတာလည်းဆိုပြီး အဆိုရှင်အနေနဲ့ ကျောင်းသူ၊ ကျောင်းသားများအတွက် အားမလိုအားမရဖြစ်ပြီး ပြောဆိုခဲ့တယ်လို့ ယူဆပါတယ်။ ဒီနေ့ ပထမဦးဆုံးပြောရမှာကတော့ မြန်မာ့ပညာရေးနှင့် ပတ်သက်ပြီးတော့ ပြောရမှာ ဖြစ်ပါတယ်။

မြန်မာ့ပညာရေးနှင့်ပတ်သက်ပြီး ပြောရရင် ခေတ်တွေများစွာကို ကျော်ဖြတ်ခဲ့ပြီး ဖြစ်ပါတယ်။ ပထမ ဒုတိယကမ္ဘာစစ်မတိုင်မီကခေတ်၊ စစ်ပြီးစခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မ.ဆ.လခေတ်၊ န.ဝ.တ၊ န.အ.ဖခေတ်နှင့် ဒီမိုကရေစီခေတ်တို့ ဖြစ်ပါတယ်။ စစ်ပြီးခေတ်မှာ တစ်နည်းပြောရရင် လွတ်လပ်ရေးရပြီး ဖ.ဆ.ပ.လခေတ်မှာ အင်္ဂလိပ်စာရော စကားပါ ကျွမ်းကျင်ကြတဲ့ ဆရာတွေ သင်ကြားပို့ချပေးမှုနဲ့ မြန်မာ့ပညာရေးဟာ ထိပ်တန်းကိုရောက်ခဲ့ပါတယ်။ အာရှတွင်သာမက ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တယ်လို့ ပြောလို့ရပါတယ်။ တော်လှန်ရေးကောင်စီခေတ်ထိ ပညာရေးဟာ အခြေအနေကောင်းခဲ့ပါတယ်။ အဲဒီတုန်းက မူလတန်းက (၄)တန်းအထိ၊ အလယ်တန်းက (၅)တန်းက (၇)တန်းအထိ၊ အထက်တန်းက (၈)တန်းက (၁၀)တန်းအထိ သင်ကြားခဲ့ပါတယ်။ အင်္ဂလိပ်စာကို (၅)တန်းကစပြီးတော့ သင်ကြားရပါတယ်။

ဒါပေမဲ့ ရေးနိုင် ဖတ်နိုင် ပြောဆိုနိုင်တဲ့ အနေအထားတွေကို တွေ့ရပါတယ်။ Grammar ကို အဓိကထားပြီး သင်ပေးတယ်၊ သင်ရိုးနှင့် သင်ကြားနည်းစနစ်အပေါ်မှာ မူတည်ပြီးတော့ တတ်ခြင်း၊ မတတ်ခြင်း ကွာတယ်လို့ ယူဆပါတယ်။ အဲဒီနောက်ပိုင်းခေတ်တွေမှာတော့ ပညာရေးဟာ တဖြည်းဖြည်း နိမ့်ကျခဲ့ရပါတယ်။ ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲမှာ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးနေဝင်း ရဲ့ လမ်းညွှန်မှုအရ မြန်မာစာမှလွဲ၍ ကျန်ဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးရန် ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၈၁ ခုနှစ်၊ ဇွန်လမှစပြီးတော့ သူငယ်တန်းမှစပြီး အင်္ဂလိပ်စာ စတင်သင်ကြားခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်ကစပြီးတော့ သိပ္ပံဘာသာရပ်နဲ့ ဘောဂဗေဒဘာသာရပ်ကို အင်္ဂလိပ်လို သင်ခဲ့ပါတယ်။ အဲဒီလို သင်ကြားတဲ့အခါမှာ ၁၉၉၅ ခုနှစ် ရောက်တော့ ဘောဂဗေဒဘာသာရပ်ကို မြန်မာလို ပြန်လည်ပြီးတော့ သင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဆရာလဲမတတ်၊ တပည့်လဲမတတ်လို့ ပြန်လည်ပြောင်းလဲသင်ကြားခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းခေတ်တွေမှာတော့ ဒေါ်ထုမေ ပြောသလိုပဲ အင်္ဂလိပ်စွမ်းရည်သာမက အခြားဘာသာရပ်တွေပါ နိမ့်ကျခဲ့တယ်ဆိုတာ ငြင်းလို့ မရပါဘူး။ ယနေ့ပညာရေးစနစ်ဟာ ၂၀၁၆-၂၀၂၁ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ KG + 12 ကို သွားနေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ မှာ KG တန်းကို သင်ရိုးသစ်နဲ့ စတင်သင်ကြားခဲ့ပြီး ၂၀၁၇-၂၀၁၈ မှာ Grade 1 ကို သင်ကြားပေးနေပြီ ဖြစ်ပါတယ်။ ပြောလိုတာကတော့ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းကို ပြုပြင်

ပြောင်းလဲသင်ကြားနေပြီဖြစ်လို့ သင်ကြားတဲ့ကလေးများဟာ နဂိုမှန်းထားသည်တဲ့ သွက်လက်စွာ ပြောဆိုနိုင်တာကို တွေ့ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ KG နဲ့ Grade 1 ကို သွားရောက်လေ့လာရင် တွေ့ရှိရမှာ ဖြစ်ပါတယ်။

နောက်ပြီး KG+12 ဟာ (၁၃)နှစ်သင်ကြားရမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာသင်ရိုးများကိုလည်း သူ့အရွယ်၊ သူ့အတန်းနဲ့ လိုက်လျောညီထွေစွာ ရေးဆွဲပြဋ္ဌာန်းခဲ့တာ ဖြစ်လို့ ကျောင်းသူ၊ ကျောင်းသား ကလေးများအနေနဲ့ Thinking skills ၊ listening skills ၊ Writing skills ၊ Speaking skills and Reading skills တို့ကို ရရှိမှာဖြစ်တဲ့အတွက် skills (၄)ခုသာမကဘဲနဲ့ skills (၅)ခု ရရှိသွားမှာ ဖြစ်ပါတယ်။ Grade 2 မှ Grade 12 အထိ ကျောင်းသား၊ ကျောင်းသူများ စဉ်းစား တွေးခေါ်မှု၊ Thinking skills အသိဖြင့် ဆောင်ရွက်တတ်မှု၊ ဦးဆောင်မှုစွမ်းရည်နဲ့ နောက်လိုက် ကောင်းစွမ်းရည် Leadership and Good Followership skills တီထွင် ဖန်တီးနိုင်မှုစွမ်းရည် Creative skills နဲ့ ဆက်သွယ်ပြောဆိုနိုင်မှုစွမ်းရည် Communication skills များဖြင့် ဆက်လက်သင်ကြားရမှာ ဖြစ်ပါတယ်။ ပညာရေးမှာ ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်ချင်လို့ မရပါဘူး။ စီမံကိန်းရေးဆွဲပြီးတော့ အကောင်းဆုံးဖြစ်အောင် အချိန်ယူ ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။

အဆိုရှင်ရဲ့ တင်ပြချက်အရ အင်္ဂလိပ်စာကို Grade 9 မှစတင်ကာ 4 skills ဖြစ်တဲ့ Reading, writing, speaking, listening တို့ကို သင်ကြားပေးပါလို့ ပြောတာဟာလည်း အချိန်ကို နှစ်နဲ့ချီပြီး သင်ကြားပြီးမှ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။ နောက်ပြီးအဲဒီလို သင်ကြားပေးနိုင်မယ့် အရည်အချင်းရှိတဲ့ ဆရာ၊ ဆရာမများကိုလည်း မွေးထုတ်ပေးရဦးမှာ ဖြစ်ပါတယ်။ အဲဒီအချက်ဟာ အခက်အခဲဆုံးပဲဖြစ်ပါတယ်။ Grade 9 က Grade 12 အထိ 4 skills ကိုကျွမ်းကျင်စွာသင်ကြားပေးနိုင်မယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းတွေကို လွှမ်းခြုံနိုင်မယ့် ဆရာ၊ ဆရာမ အရေအတွက်ဟာ အဆင်သင့်ရှိပြီလား ဆိုတာလည်း စဉ်းစားဖို့ လိုပါတယ်။

ဥပမာအားဖြင့်ပြောရရင် ကျွန်တော်တို့ ကိုယ်စားလှယ်များကို British Council က အင်္ဂလိပ်စာကို 4 skills နဲ့သင်ကြားပေးခဲ့ပါတယ်။ တော်တော်များများ တတ်ကြပါတယ်။ ဒါပေမဲ့ အသုံးချမှုက အနည်းငယ်ပဲဖြစ်ပါတယ်။ နေ့စဉ် အသုံးချမှု မရှိပါဘူး။ ကြာရင်မေ့သွားနိုင်တယ်၊ လေးသွားနိုင်တယ်။ အဲဒီလိုတတ်အောင်သင်ပေးတဲ့ ဆရာတွေ၊ ဆရာမတွေဟာ ဘယ်သူတွေလဲဆိုတော့ နိုင်ငံခြားသား ဆရာ၊ ဆရာမတွေပဲဖြစ်ပါတယ်။ နောက်ပြီး ပြောလိုတာက ကိုယ့်ကလေးကို အင်္ဂလိပ်စာ ကောင်းကောင်းတတ်ဖို့ မြန်မာနိုင်ငံမှာရှိတဲ့ အင်္ဂလိပ်ကိုယ်ပိုင်ကျောင်းတွေမှာ ထားကြတယ်။ အင်္ဂလိပ်စာတော့ တတ်ပါရဲ့ မြန်မာစကား မပြောတတ်တာကို လက်တွေ့သိရပါတယ်။ ဒါ့အပြင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာတွေ ပပျောက်နေတာလည်း တွေ့ရပါတယ်။ ဒါကြောင့် အလျဉ်းသင့်လို့ ပြောချင်တာကတော့ အင်္ဂလိပ် ကိုယ်ပိုင်ကျောင်းတွေကို ပညာရေးဝန်ကြီးဌာနရဲ့ အောက်မှာ ထားရှိပြီး ဝန်ကြီးဌာနရဲ့ ညွှန်ကြားမှုနဲ့ သွားသင့်တယ်လို့ ယူဆပါတယ်။

နောက်ဆုံးအနေနဲ့ အကြံပေးလိုတာကတော့ ကျောင်းမှာ အင်္ဂလိပ်ဘာသာကို အင်္ဂလိပ်မေဂျာနဲ့အောင်မြင်ပြီး ကျွမ်းကျင်တဲ့ ဆရာ၊ ဆရာမများကို အတန်းတိုင်း၊ အတန်းတိုင်းမှာ တာဝန်ချထားပြီးတော့ သင်ကြားပေးဖို့ လိုအပ်ပါတယ်လို့ အကြံပြုလိုပါတယ်။ အင်္ဂလိပ်စာ သင်ကြားပေးတဲ့

ဆရာ၊ ဆရာမဟာ အတန်းထဲဝင်ကတည်းက အင်္ဂလိပ် Classroom Language ကိုသာ ပြောပြီး သင်ကြားပေးဖို့လိုပါတယ်။ Classroom Language စာလုံးများကိုလည်း ကက်ဆက်ခွေမှ သွင်းထားပြီးတော့ ကျောင်းအားလပ်ချိန်မှာ စာသင်ခန်းထဲမှာ ဖွင့်ပြီးတော့ နားထောင်ခိုင်းပါ။ ဆရာ၊ ဆရာမများ သင်ကြားတဲ့ စကားလုံးနဲ့ ကက်ဆက်မှ ကြားတဲ့ စကားလုံးများဟာ သူတို့အတွက် မှန်ကန်မှုရှိပြီးတော့ အကျိုးရှိစေတယ်လို့ ယူဆပါတယ်။ အဲဒီလိုဖြစ်လာခဲ့ရင်တော့ 4 skills သာမက skills (၅)ခုစလုံး တတ်ကျွမ်းလာမှာဖြစ်ပါကြောင်း အကြံပြုတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၅။**

**ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနဲ့ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကွယ်ကွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ အဋ္ဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာသင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံစနစ်များ၊ အကဲဖြတ်စနစ်၊ စာမေးပွဲကို ခေတ်နှင့်အညီလျော်ညီစွာ စွမ်းရည်(၄)မျိုး 4 skills Reading, writing, speaking, listening ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ဘာသာစကားကို Global Language ကမ္ဘာသုံးဘာသာစကားအဖြစ် အများက သတ်မှတ်ကြပါတယ်။ ကျွန်တော်တို့ နိုင်ငံပါဝင်တဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံရဲ့ တစ်ခုတည်းသော တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်ထားပါတယ်။ ဓနသဟာယနိုင်ငံများအသင်းရဲ့ တစ်ခုတည်းသော တရားဝင်ဘာသာစကားလည်း ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၊ ဥရောပသမဂ္ဂအဖွဲ့၊ မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်မှု ဇုန်၊ နောက်ထပ် အာဖရိကသမဂ္ဂ အာဖရိကန်ယူနီယံ၊ တောင်အမေရိကနိုင်ငံများ သမဂ္ဂ စသည့် နိုင်ငံတကာအသင်းအဖွဲ့အစည်းများစွာနဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများစွာတို့ရဲ့ တရားဝင် ရုံးသုံးဘာသာစကား တစ်ခုလည်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အချုပ်အခြာအာဏာ နိုင်ငံပေါင်း (၇၃)ခုနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံမဟုတ်တဲ့ နယ်မြေဒေသ(၂၇)ခုတို့ရဲ့ အင်္ဂလိပ်ဘာသာစကားကို တရားဝင် ရုံးသုံးဘာသာစကားအဖြစ် ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းပြီးတော့ဖြစ်စေ၊ ဥပဒေမပြဋ္ဌာန်းဘဲဖြစ်စေ အသုံးပြုနေတာ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေအားဖြင့် ဆိုလို့ရှိရင် သန်းပေါင်း(၂၈၄၀)ကျော်လောက်ဟာ တရားဝင် အင်္ဂလိပ်ဘာသာစကားကို အသုံးပြုနေကြတာဖြစ်ပါတယ်။ အဲဒီအထဲမှာ အင်္ဂလိပ်ဘာသာစကားဟာ မိမိရဲ့ မူရင်းတိုင်းရင်းသားဘာသာစကားမဟုတ်ဘဲ တရားဝင်ရုံးသုံးဘာသာစကားအဖြစ် အသုံးပြု နေတဲ့ နိုင်ငံပေါင်းဟာ (၃၅)နိုင်ငံလောက်ရှိပါတယ်။ အဲဒီအထဲမှာ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တောင်အမေရိက၊ ဘရူနိုင်း စတဲ့နိုင်ငံတွေ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီကမ္ဘာကြီးနှင့် ဆက်ဆံဆက်သွယ်သည့် အလုပ်အကိုင်အခွင့်အလမ်း အချိန်အခါ အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိဖို့ရာအတွက် နောက် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို တိုးတက်ထွန်းကားပြီး နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ လူမှုဘဝ သာယာဝပြောရေးအတွက် ဆောင်ရွက်နိုင်ဖို့ အင်္ဂလိပ်ဘာသာစကားကို အသုံးပြုဆက်သွယ်နိုင်စွမ်းဟာ အလွန်အရေးကြီးတယ် ဆိုတာ ထင်ရှားပါတယ်။ နိုင်ငံသားတို့ရဲ့ အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်ပြောဆိုနိုင်စွမ်းတိုးတက်ရေး အတွက် နိုင်ငံတော်အနေဖြင့် မူဝါဒများ ချမှတ်ပြီး ရေရှည်ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမယ်လို့ ယူဆပါတယ်ခင်ဗျား။ ဒေါ်ထုမေ ရဲ့ အဆိုမှာ ကျွန်တော်ဆွေးနွေးလိုတဲ့ အချက်တစ်ခုကတော့ အဌမတန်းမှစ၍ အခြေခံပညာအထက်တန်းပြီးသည်အထိ ယခု ပညာရေးစနစ်သစ်အရဆိုလျှင် Grade 12 အထိကို 4 skills ပါဝင်တဲ့ စနစ်သို့ ပြောင်းလဲသင်ကြားစစ်ဆေးရမှာဖြစ်ပါတယ်။ ဒီလို ပြုလုပ်မယ် ဆိုလို့ရှိရင် အခြားတတ်သိတတ်ကျွမ်းနားလည်ရမယ့် အခြေခံပညာရပ်များဖြစ်တဲ့ မြန်မာစာ၊ သိပ္ပံ၊ ဝိဇ္ဇာ၊ ဓာတု၊ ရူပ၊ ဇီဝ စတဲ့ အခြေခံပညာရပ်များရဲ့ သင်ကြားချိန်များမှာ အချိန်ကို များစွာ ဖဲ့ယူ မျှဝေပေးရမှာ ဖြစ်ပါတယ်။ သင်ကြားမယ့် ဆရာ၊ ဆရာမ အထောက်အကူပစ္စည်း၊ ဘတ်ဂျက်၊ ရန်ပုံငွေ စတဲ့ အရာတွေ ကလည်း အလျှင်အမြန်လိုအပ်မှာဖြစ်တဲ့အတွက် ဒီအချက်ဟာ အင်မတန် ဒါအခက်အခဲ ရှိနိုင်ပါတယ်။

ဒါကြောင့် 4 skills ကို KG မှဖြစ်စေ၊ မူလတန်းမှဖြစ်စေ စတင်ပြီး တဖြည်းဖြည်း အချိန်ယူပြီးတော့ ကျွန်တော်တို့ ရေရှည်စီမံကိန်းနှင့် သင်ကြားမှသာလျှင် ကျွန်တော်တို့ ဒါအဆင်ပြေ မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီအချက်ကိုတော့ ဒါ ကျွမ်းကျင်တဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ ပညာရှင်များက စဉ်းစားတွက်ချက် ဆောင်ရွက်ပြီး စီမံကိန်းများချမှတ်ပြီး ဒါဆောင်ရွက်သင့်တဲ့ အချက်လို့ ကျွန်တော်ယူဆပါတယ်။ အင်္ဂလိပ်ဘာသာစကားနှင့် ဆက်သွယ်မှု 4 skills ကို တတ်မြောက်ပြီး ကျွမ်းကျင်ကြ လေ့ကျင့်ပေမယ့်လည်း ဒီကျွမ်းကျင်မှုကို နောက် ဒီအရည်အသွေးတွေကို အဆက်မပြတ် အသုံးချနိုင်တဲ့ ပတ်ဝန်းကျင်၊ နေရာ၊ အလုပ်အကိုင်အခွင့်အလမ်း၊ အချိန်အခါတွေဟာ မရှိဘူး ဆိုလို့ရှိရင်လည်း ဒီ အသုံးမဝင် မေ့ပျောက်ပြီးတော့ အလဟဿ ဆုံးရှုံးမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလိပ် ဘာသာစကားကို နိုင်ငံတွင်းမှာလည်း ပြောဆို၊ ရေးသား ဆက်သွယ်အသုံးပြုနိုင်ရန်အတွက် အခြေအနေ၊ အချိန်အခါတွေ ရှိဖို့လိုပါတယ်။ အင်္ဂလိပ်ဘာသာစကားကို ရုံးတွေမှာ၊ ကျောင်းတွေမှာ၊ အစိုးရဌာနတွေမှာ လုပ်ငန်းခွင်တွေမှာ မြန်မာဘာသာစကားအပြင် တရားဝင် အသုံးပြုနိုင်ဖို့အတွက် လည်း ရေရှည်မှာ ရည်မှန်းချက် ထားရှိသင့်ပါကြောင်း အကြံပြုရင်းနဲ့ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း တို့ကို စတုတ္ထနေ့ ၂၂-၁-၂၀၁၈ (တနင်္လာနေ့) အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မူပိုင်ခွင့် ဥပဒေကြမ်း(၄)ခုနဲ့စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ကို အမျိုးသားလွှတ်တော်(J)ဆောင် ထမင်းစားခန်းမဆောင်မှာ နေ့လယ်စာ စားသုံးပြီးနောက် ကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်အားလုံးအတွက် နေ့လယ်စာ ကြက်ဆီထမင်း စီစဉ်ထားပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၂၁ နာရီအချိန်တွင် ရပ်နားပါသည်။]